မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၂၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၆၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး * ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖူးမြော်ကြည်ညို

ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်း နှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ အင်းလေး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

အင်းလေးကန်နှင့် မိုင် (၂၀) ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းချမှတ်ဆောင်ရွက် အင်းလေးကန်ရှိ ဇီဝမျိုးကွဲများ ရေရှည်တည်တံ့ခိုင်မြဲစေရေး စဉ်ဆက်မပြတ်သုတေသနပြု

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဆေးရုံများအနေဖြင့် စေတနာနှင့် အနစ်နာခံပြီးစောင့်ရှောက် ကုသရေးလုပ်ငန်းများအပြင် ကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းကိုပါ စေတနာဖြင့်ဖော်ဆောင်

နေပြည်တော် ဇွန် ၂၆

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး ညောင်ရွှေမြို့ ဖောင်တော်ပြန်လှေဆိပ်သို့ နံနက် ၈ နာရီတွင် ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စက်ရေယာဉ်ငယ်များဖြင့် ထွက်ခွာခဲ့ပြီး အင်းလေးကန်အတွင်း နုန်းပို့ချမှု ကာကွယ်ထိန်းသိမ်းခြင်းနှင့် ဖယ်ရှားခြင်းလုပ်ငန်းများအား စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် နန်းဟူးကျေးရွာရှိ အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား၏ ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ဒုတိယသမ္မတသည် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူသည့် ကျောင်းဆောင်တော်အတွင်း ရှေးဟောင်းဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား ကျောင်းတော်ဟောင်း ပုံတော်များကို လည်းကောင်း၊ ရွှေဆိုင်း၊ သင်္ကန်း၊ ကိုယ်ပွားတော်နှင့် ပုံတော်အမျိုးမျိုးတို့ကို လည်းကောင်း ကြည့်ရှုလေ့လာသည်။

တက်ရောက်ကြည်ညို

ဆက်လက်၍ ဒုတိယသမ္မတသည် နန်းဟူးကျောင်း၌ ကျင်းပသည့် ဖောင်တော်ဦးရုပ်ရှင်တော်မြတ်စွာဘုရား ဂေါပကအဖွဲ့၊ ဩဝါဒါစရိယဆရာတော်များနှင့် စောင့်ရှောက်ရေးအဖွဲ့ဝင် ဆရာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အင်းလေးကန်အတွင်း နုန်းပို့ချမှု ကာကွယ်ထိန်းသိမ်းခြင်းနှင့် ဖယ်ရှားခြင်းလုပ်ငန်းများအား စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

27-6 (01).pmd 1 6/27/2011, 4:21 AM

မြန်မာ့အလင်း
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇွန် ၂၇ ရက်)

နိုင်ငံတစ်ဝန်း လမ်း၊တံတားများ ပန်းအလား ဖူးပွင့်ဝေစီ

နိုင်ငံတော်အစိုးရသည် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား ဆက်သွယ်သွားလာနိုင်ရန် ကားလမ်းမကြီးများ၊ ရထားလမ်းများ၊ မြစ်ကူး ချောင်းကူးတံတားများကို ကွန်ရက်သဖွယ် ချိတ်ဆက်ဖောက်လုပ်ပေးလျက်ရှိသည်။ ယင်းသို့ ဖောက်လုပ်ပေးလျက်ရှိရာ၌ ဧရာဝတီတိုင်းဒေသကြီးသည် မြစ်ချောင်းအင်းအိုင်များ ပေါများသည့်အလျောက် တစ်နေရာနှင့်တစ်နေရာ ဆက်သွယ်ရာ၌ လွယ်ကူချောမွေ့စေရန် တံတားများ တည်ဆောက်ပေးလျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ လက်ထက်တွင် အမှတ်စဉ်(၃) တံတားဖြစ်သော အောက်နတ်ချောင်းတံတားကို ဇွန်လ ၂၅ ရက်နေ့က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်ရှိ အောက်နတ်ချောင်းတံတားအနီး မင်္ဂလာမဏ္ဍပ်၌ ဖွင့်ပွဲကျင်းပခဲ့သည်။

ဖွင့်လှစ်ခဲ့သော အောက်နတ်ချောင်းတံတားကြောင့် ယခင်က ဘိုကလေးမှ အမာသို့သွားလျှင် ဖျာပုံ-ကျုံကဒွန်း-ဒေါ်ငြိမ်း-အမာလမ်းမှတစ်ဆင့်သွားရပြီး ယခုညှိလမ်းမှသွားလျှင် ခရီးမိုင် ၃၂မိုင် ၅ ဖာလုံ တိုတောင်းသွားမည်ဖြစ်သည်။ ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းပေါ်၌ စုစုပေါင်း တံတား ၁၆ စင်းရှိပြီး တည်ဆောက်ဆဲတံတား ငါးစင်းရှိသည်။ တံတားများအားလုံး တည်ဆောက်ပြီးသွားပါက ဘိုကလေးမှ အမာသို့ တောက်လျှောက်သွားနိုင်မည်ဖြစ်သည်။

အောက်နတ်ချောင်းတံတား မဖွင့်မီက ယင်းချောင်းကို ဖြတ်ကူးရန်အတွက် ပင်လယ်ဒီရေ တက်ချိန်၊ ကျချိန်ကို စောင့်ဆိုင်းသွားရပြီး အန္တရာယ်များရှိခဲ့ရာ ယခုအခါ ယင်းအခက်အခဲများကို ကျော်လွှားနိုင်ခဲ့ပြီဖြစ်သဖြင့် ဒေသခံပြည်သူများအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ ကုန်းလမ်းကို အသုံးပြု၍ သွားနိုင်ခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ပါက လွယ်ကူစွာ ဘေးကင်းရာသို့ ရွှေ့ပြောင်းနိုင်ခြင်း၊ မိမိလိုရာခရီးကို လွယ်လင့်တကူ သွားလာနိုင်ခြင်း စသောအကျိုးကျေးဇူးများကို ရရှိနိုင်ကြပြီဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော ရေထွက်ပစ္စည်းများ၊ ဆန်စပါးများကို တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးသို့ အရှေ့မှအနောက်၊ တောင်မှမြောက်သို့ ကွန်ရက်သဖွယ် လက်ယှက်ထိုး ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းများမှတစ်ဆင့် ဒေသအနှံ့ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။

အောက်နတ်ချောင်းတံတားသည် သံကူကွန်ကရစ်လွန်တူးဘိုးပိုင် အုတ်မြစ်အမျိုးအစားဖြစ်သည်။ တံတားအရှည် ၄၆၆ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေခွဲရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြု အလေးချိန်သည် (ယာဉ်+ကုန်) ၁၃တန်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် လမ်းပန်းဆက်သွယ်ရေးကို အလေးထားဖော်ဆောင်ပေးခဲ့သဖြင့် ယခုအခါ နိုင်ငံတစ်ဝန်း လမ်းတံတားများ ပန်းအလား ဖူးပွင့်ဝေစီခဲ့ပြီး ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကဏ္ဍများ၌ ပိုမိုဖွံ့ဖြိုးတိုးတက်လာလျက်ရှိရာ ဒေသခံပြည်သူများအပိုင်းကလည်း လမ်းတံတားများ သားစဉ်မြေးဆက် အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး မြောင်းမြ၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြောင်းမြ ဇွန် ၂၆

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ၂၀၁၁ ခုနှစ် မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၁ ရက် နံနက် ၉ နာရီက မြောင်းမြမြို့နယ် သဇင်ကုန်းကြီးကျေးရွာအုပ်စု ရေတွင်း ရေကန်ကျေးရွာတွင် ကျင်းပရာ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်နှင့် သစ်တော ဦးစီးအရာရှိတို့က ပျိုးပင်များကို တက်ရောက်လာသူများအား ပေးအပ်ခဲ့ပြီးနောက် တက်ရောက်လာသူများက ပြည်သူ့ဖြန့် ကျွန်းပင် ၈၀၀ နှင့် ယူကလစ် ၁၂၀၀၊ စုစုပေါင်း အပင် ၂၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

၂၀၁၁ခုနှစ်တွင် မြောင်းမြတစ်ခရိုင်လုံး ကျေးလက်အိမ်ရာထူထောင်ရေး စီမံချက်နှင့်အညီ ပြည်သူ့ဖြန့် ပျိုးပင်စုစုပေါင်း အပင် ၂၆၁၀၀ ဖြန့်ဝေစိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ချောက်မြို့ အမှတ်(၂)အထက ကျောင်းမှ ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲကို ဇွန် ၁၈ရက်က ကျောင်း စုပေါင်းခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်က ငါးဘာသာဂုဏ်ထူးရကျောင်းသား မောင်ဝေလအား ဂုဏ်ပြုလက်မှတ်နှင့် ဆုငွေချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး ဘီးလင်း၌ အသိပညာပေးဆွေးနွေး

ဘီးလင်း ဇွန် ၂၆

သထုံခရိုင် ဘီးလင်းမြို့နယ် ကြက်ငှက်တုပ်ကွေးနှင့် တိရစ္ဆာန်ကူးစက်ရောဂါများဆိုင်ရာ အသိပညာ နှီးနှောဖလှယ်ရေးဆွေးနွေးပွဲကို ဇွန် ၉ ရက် နံနက် ၉ နာရီခွဲက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သထုံခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလှထွန်းသိန်းက ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမြင့်အောင်နှင့် ဒုတိယဦးစီးမှူးများက တိရစ္ဆာန် ကူးစက်ရောဂါများ အကြောင်းကိုလည်းကောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သီပွံနည်းကျ စိုက်ပျိုးနည်းစနစ်(၁၄)ချက်နှင့်အညီ ကျောက်တန်းမြို့၌ မိုးစပါးစိုက်ပျိုး

ရန်ကုန် ဇွန် ၂၆

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြပ်မတ်ဆောင်ရွက်လျက်ရှိသော မျိုးကောင်း၊ မျိုးသန့် ပြောင်းလဲစိုက်ပျိုးရေး၊ တစ်ဧက မျိုးစေ့နှုန်းလျှော့ချ အသုံးပြုရေးနှင့် တစ်ဧကတင်း ၁၀၀ နှုန်းအထက်ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန်၂၄ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု ကွင်းအမှတ်(၆၂၂-အေ) ဦးဝင်းသိန်း၏ လယ်မြေ ၁၈ ဧကတွင် ပေါင်းပျိုးစနစ်ဖြင့် ဆင်းသုခအထွက်ကောင်း မိုးစပါးမျိုးများစိုက်ပျိုးခြင်းကို ခရိုင်မန်နေဂျာ ဦးကျော်ကျော်နှင့် မြို့နယ်မန်နေဂျာ ဦးအေးကြူတို့ ကြီးကြပ်ဆောင်ရွက်လျက် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**
(မြို့နယ် ပြန်/ဆက်)

မြို့သန့်ရှင်းသာယာလှပရေး ဆိပ်ဖြူ၌ ဆောင်ရွက်

ဆိပ်ဖြူ ဇွန် ၂၆

ဆိပ်ဖြူမြို့နယ် သန့်ရှင်းသာယာလှပရေးအတွက် ဇွန် ၄ရက်က ဗိုလ်ချုပ်လမ်းရှိ ရှစ်မျက်နှာဘုရား ဝန်းကျင်နှင့် အမက ကျောင်းရှေ့၌ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ဇွန် ၂၂ ရက်က ကျောင်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက်တွင် ရေဂါလန် ၁၆၀၀၀ ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (ဝ၉၁)



ဆိုင်ကယ်စီးရာတွင် လူနှစ်ဦးထက် ပိုမစီးရ

❖ *ကျောဖုံးမှ*

ဗိုလ်ချုပ်လှမင်း၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုံးသန်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ကျော်ကျော်ထွန်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံနှင့် စစ်သံမှူးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုနှစ်ဆိုလျှင် တတိယ(၅)နှစ်စီမံကိန်း၏ ဒုတိယနှစ်ကို ရောက်ရှိပြီဖြစ်ကြောင်း။

တက်ညီလက်ညီ

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဘက်ပေါင်းစုံ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည့်ကာလ ဖြစ်ကြောင်း၊ အလားတူ ၂၀၁၅ခုနှစ်တွင် အရှေ့တောင်အာရှနိုင်ငံများ၌ မူးယစ် ဆေးဝါးကင်းစင်ပပျောက်ရေး "Drug Free ASEAN" သတ်မှတ်ထားသည့် အတွက် မူးယစ်ဆေးဝါးပပျောက်ရေးကို ဦးစားပေး လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှု ပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ နယ်မြေလူထုပူးပေါင်း ပါဝင်အောင် စည်းရုံးဆောင်ရွက်ရေးနှင့် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသိပညာပေးရေး မြှင့်တင်မှုလုပ်ငန်းများကို ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၊ INGO/NGO များ၊ ကျောင်းသားလူငယ်များ အပါအဝင် ဒေသခံပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှသာ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ထိရောက်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုး တိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုများကို ပပျောက်စေရန် ခေတ်အဆက်ဆက် အစိုးရအဖွဲ့များက တိုက်ဖျက်ချေမှုန်းလာကြသည့်နည်းတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ် လက်ထက်တွင်လည်း ဆက်လက်ပြီး အမြစ်ပါမကျန် တွန်းလှန်တိုက်ဖျက်သွားမည်ဖြစ်ကြောင်း။

ပြင်ဆင်ဖွဲ့စည်း

လက်ရှိ ခေတ်စနစ်နှင့်အညီ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၁ ခုနှစ် မေ ၂၇ ရက်တွင် မူးယစ်ဗဟိုအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း။

မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု ပပျောက်အောင် ဘိန်းစိုက်တောင်သူများအား အသိပညာပေး စည်းရုံးခြင်း၊ ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးစေခြင်း၊ အမျိုးသားရေးအမြင်များ တိုးတက်ပြောင်းလဲလာအောင် ဆောင်ရွက်စေခြင်းနှင့် ဒေသအလိုက် ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လျော့နည်းကျဆင်း

မြန်မာနိုင်ငံမြောက်ပိုင်းနှင့် နယ်စပ်ဒေသများ၏ ဘိန်းစိုက်ပျိုးမှု ဧရိယာများအား ဂြိုဟ်တုဓာတ်ပုံဖြင့် တိုင်းတာသည့် လုပ်ငန်းများကို ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနှင့် UNODC တို့ ပူးပေါင်း ဆောင်ရွက်ခြင်း၊ ၂၀၀၆ ခုနှစ်မှစ၍ မြန်မာနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို နှစ်စဉ်ဆောင်ရွက်ခဲ့ရာ တိုင်းတာတွေ့ရှိချက်များအရ အချိန်နှင့် တစ်ပြေးညီ ဖျက်ဆီးဆောင်ရွက်ခဲ့သဖြင့် ဘိန်း စိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုများ လျော့နည်းကျဆင်းရေး ဆောင်ရွက်ရာတွင် အထောက်အကူများစွာ ရရှိခဲ့ကြောင်း။

အကောင်အထည်ဖော်

မြန်မာနိုင်ငံသည် မိမိနိုင်ငံအတွင်းရှိသော ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များဖြင့် မူးယစ်ဆေးဝါးကို တိုက်ဖျက်ဆောင်ရွက်နေသကဲ့သို့ ဒေသတွင်း၊ ဒေသခွဲအတွင်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် မဲခေါင်ဒေသ (၆)နိုင်ငံ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး ဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံချင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ASEAN ဒေသတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် " Drug Free ASEAN" ဖြစ်ရေးတို့အတွက် စီမံချက်များရေးဆွဲ၍ ပူးပေါင်းဆောင်ရွက် အကောင်အထည်ဖော်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း။

လက်တွဲတိုက်ဖျက်

ယခုအခါ ကမ္ဘာတစ်ဝန်းရှိ မူးယစ်ဆေးဝါး ရောင်းဝယ်သူများသည် စိတ်ကြွရူးသွပ်ဆေး (Synthetic drugs) များဖြစ်သည့် ATS,ICE, Ecstasy, Ketamine ဆေးဝါးများကို နည်းမျိုးစုံဖြင့် ထုတ်လုပ်ဖြန့်ဖြူး သယ်ဆောင်ရောင်းချမှုများ တိုးမြှင့်ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ အဆိုပါ ဝိသမလောဘသားများကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံတော်နှင့် ပြည်သူလက်တွဲ တိုက်ဖျက်ကြရမည်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ခေတ္တကုလသမဂ္ဂဌာနေကိုယ်စားလှယ် Mr. Jason Eligh က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားစဉ်။
(သတင်းစဉ်)

ထို့နောက် ခေတ္တကုလသမဂ္ဂဌာနေကိုယ်စားလှယ် Mr.Jason Eligh က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ၌ ဆုရရှိသူများအား ချီးမြှင့်ရန်အတွက် အလှူငွေများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံ အလှူရှင်များက အလှူငွေကျပ် စုစုပေါင်း ၇၈သိန်း ၅ သောင်းကို ပေးအပ်လှူဒါန်းကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲ ဗဟိုအဆင့်တွင် ဆုရရှိသည့် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာနှင့် ဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

မီးရှို့ဖျက်ဆီးနိုင်ခဲ့

ယနေ့သည် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံတစ်ဝန်း၌လည်း မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ အခမ်းအနားများနှင့် လှုပ်ရှားမှုများကို ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိကြောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကာလပေါက်ဈေး ခန့်မှန်းတန်ဖိုး မြန်မာ ငွေကျပ်သန်းပေါင်း ၈၆၀၄ သန်းရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ကာလပေါက်ဈေး ခန့်မှန်းတန်ဖိုး မြန်မာ ငွေကျပ်သန်းပေါင်း ၁၅၆၈၄ သန်းရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါး များ၏ ကာလပေါက်ဈေး ခန့်မှန်းတန်ဖိုး မြန်မာ ငွေကျပ်သန်းပေါင်း ၈၃၅၁ သန်းရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ကာလပေါက်ဈေးခန့်မှန်း တန်ဖိုး မြန်မာငွေကျပ် သန်းပေါင်း ၇၉၈၃ သန်းရှိ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကိုလည်းကောင်း နေရာတစ်ခုချင်းစီအလိုက် အသီးသီး မီးရှို့ဖျက်ဆီးနိုင်ခဲ့ပြီး မီးရှို့ဖျက်ဆီးသည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ ကာလတန်ဖိုး စုစုပေါင်းမှာ ငွေကျပ်သန်းပေါင်း ၄၀၆၂၂ သန်း ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်ရှိ တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူများ ထူးချွန်စွာအောင်မြင်ရေးအတွက် မြို့မိမြို့ဖများနှင့် စေတနာရှင်အလှူရှင်များ စုပေါင်းဖွင့်လှစ်သော ပညာရေးမြှင့်တင်မှု စာသင်ဝိုင်း ဖွင့်ပွဲကို ဇွန် ၄ ရက်က အာဇာနည်လမ်းရှိ အမက၌ ကျင်းပရာ ဦးမြင့်သန်း(ညောင်လေးပင်) အမှာစကားပြောကြားစဉ်။ **(၁၃၈)**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့ ရွှေဘိုတက္ကသိုလ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရွှေဘိုတက္ကသိုလ် တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၂၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့သည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့်အတူ ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ရွှေဘိုတက္ကသိုလ် တိုးမြှင့် ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေဘိုမြို့ မဟာနန္ဒာကန် သန့်ရှင်းသာယာလှပမှု၊ ခင်ဦးမြို့နယ် ကံသစ်ကျေးရွာ တောင်သူဒေါ်လှရီ စိုက်ပျိုးထားသော နှမ်းစပါးစံပြစိုက်ခင်းနှင့် ရေဦးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ရေဆိုးထုတ်မြောင်းတူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ရေဦးမြို့နယ် မုတ်စီတံတားကြံခိုင်မှုနှင့် ကွင်းအမှတ်(၂၈၁) ရှိ တောင်သူ ဦးဝင်းအောင်၏ ဧက(၁၂၀) စပါးတစ်ဧက ရိတ်သိမ်းခြွေလှေ့နေမှုတို့ကို ကြည့်ရှုသည်။

စစ်ကိုင်းတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရတင်လှက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အထိမ်းအမှတ် ကဗျာ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ပြီး ပြခန်းများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် ဇွန် ၂၆

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E . Dr. Zacarias AIbano Da Costa ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(အောက်ပုံ)**

ဧည့်သည်တော် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညပိုင်းတွင် ရွှေတိဂုံစေတီတော်အား သွားရောက်ကြည်ညိုကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၂၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မွန် ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဇွန် ၂၇ရက်ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

ဗြိတိန်၌ ဆေးရုံမီးလောင်မှုဖြစ်ပွား လူနာများ အရေးပေါ်ရွှေ့ပြောင်းရ

လန်ဒန် ဇွန် ၂၆

ဗြိတိန်နိုင်ငံ ဒါဘိုင်ရှိုင်းယားမြို့တွင် ဇွန် ၂၅ ရက်က ဆေးရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားခဲ့ရာ လူနာများအား အရေးပေါ် ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ဆေးရုံ၏ အရေးပေါ်လူနာဌာနကိုလည်း ပိတ်ခဲ့ရကြောင်း ဗြိတိန်အရာရှိများက ဇွန် ၂၆ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

ဖြစ်ပွားမှုမှာ ချက်စတာဖီးလ်တော်ဝင် ဆေးရုံအဆောက်အအုံ၏ အဝင်ပေါက်၌ ဖွင့်လှစ်ထားသော စာအုပ်အရောင်းဆိုင်မှ ဇွန် ၂၅ ရက် ဒေသစံတော်ချိန် ၂၁နာရီ မိနစ် ၂၀၌ မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ မီးလောင်ကျွမ်းမှုကြောင့် အရေးပေါ် လူနာဌာနမှ လူနာ ၁၅ ဦးအား အမြန်ရွှေ့ပြောင်းပေးခဲ့ရပြီး အခြားဌာနမှလူနာများကိုလည်း နီးစပ်ရာဆေးရုံများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ယာဉ် ၁၀ စီး ရောက်ရှိလာပြီး မီးသတ်တပ်ဖွဲ့ဝင်များ ကြိုးစားမီးငြိမ်းသတ်မှုကြောင့် မီးညွန့်ကျိုးကာ မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် ၎င်းဆေးရုံ၏ စုံစမ်းရေးဌာနနှင့် ဆေးကုသခန်းများ အပါအဝင် ဆေးရုံခေါင်မိုးအထိ မီးလောင်ကျွမ်းခဲ့သည်။ **(အင်တာနက်)**

အမေရိကန်၌ ရထားနှင့် ကားတိုက်မိ လေးဦးသေဆုံး၊ ၂၀ ဒဏ်ရာရရှိ

မောင်ချစ်ကြည် ရေးသားသည်

လော့စ်အိန်ဂျလိစ် ဇွန် ၂၆

အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ် အနောက်ပိုင်းတွင် ခရီးသည်တင် ရထားတစ်စင်းနှင့် နောက်တွဲပါ ယာဉ်တစ်စီးတို့ ဇွန် ၂၅ ရက်က တိုက်မိခဲ့ရာ လေးဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အရာရှိများက ဇွန် ၂၆ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

ဖြစ်ပွားမှုမှာ နီဗားဒါးပြည်နယ် ရီနိုမြို့ မြို့အရှေ့ဘက်မိုင် ၇၀ခန့်အကွာ အမှတ် (၉၅) အဝေးပြေးကားလမ်းနှင့် ရထားလမ်း ဖြတ်သန်းရာနေရာတွင် ရထားနှင့်နောက်တွဲပါယာဉ်တို့တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းရထားမှာ ချီကာဂိုမြို့မှ ကယ်လီဖိုးနီးယားပြည်နယ် အီမီရီဗီလီမြို့သို့ခရီးသည် ၂၀၄ ဦးနှင့် ရထားအမှုထမ်း ၁၄ ဦး တင်ဆောင်ကာ မောင်းနှင်လာစဉ် မတော်တဆ တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများမှာ နောက်တွဲပါယာဉ်မောင်းတစ်ဦး၊ ရထားအမှုထမ်းတစ်ဦးနှင့် ခရီးသည်နှစ်ဦးတို့ဖြစ်ပြီး ၂၀ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန် ရဲစခန်းတစ်ခု စီးနင်းတိုက်ခိုက်ခံရ ရဲတပ်ဖွဲ့ဝင် ၁၂ဦး သေဆုံး

အစ္စလမ္မာဘတ် ဇွန် ၂၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ရဲတပ်ဖွဲ့စခန်းတစ်ခုကို ဇွန် ၂၅ ရက်က အကြမ်းဖက် တိုက်ခိုက်ရေးသမားများက စီးနင်းတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ၁၂ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ပါကစ္စတန်ရှိ အာဒူရုပ်မြင်သံကြားသတင်းဌာနက ဇွန် ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။

ဖော်ပြ

အကြမ်းဖက်သမားများနှင့် ရဲတပ်ဖွဲ့ဝင်တို့ ငါးနာရီကြာမျှ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း၊ ရဲစခန်း အဆောက်အအုံအတွင်းအထိ ဝင်ရောက်စီးနင်းပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင် အများအပြား သေဆုံးဒဏ်ရာရရှိခဲ့ကြောင်း ၎င်းသတင်း၌ ဖော်ပြထားသည်။

လွတ်မြောက်

အကြမ်းဖက်သမားမှာ ၁၀ဦးမှ ၁၂ဦးခန့်ရှိကြောင်း၊ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုအတွင်း အကြမ်းဖက်သမားငါးဦးလည်းသေဆုံးခဲ့ကြောင်း၊ကျန်အကြမ်းဖက်သမားများမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

ထိန်းချုပ်နိုင်

ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းရဲစခန်းအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဖိလစ်ပိုင်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ နှစ်ဦးသေဆုံး၊ ၁၄ ဦး ဒဏ်ရာရရှိ

မနီလာ ဇွန် ၂၆

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ဇွန် ၂၅ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အပေါ်ပုံ)**

ဖြစ်ပွားမှုမှာ အီဆာဘီလာမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ဇွန် ၂၅ ရက် ညနေ ၆ နာရီခန့်က ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများပြားခဲ့ကြောင်း ရဲတပ်ဖွဲ့ အရာရှိတစ်ဦးက ပြောကြားသည်။ အဆိုပါဗုံးပေါက်ကွဲမှုနှင့် ပတ်သက်ပြီး မည်သည့် အဖွဲ့က ဗုံးထောင်ခဲ့သည်ကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

နေတိုးအဖွဲ့ပိုင် လောင်စာဆီတင်ယာဉ်များ အကြမ်းဖက်သမားတို့ ဖောက်ခွဲဖျက်ဆီး

ကဘူးလ် ဇွန် ၂၆

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန် ဦးဆောင်သော နေတိုးတပ်ဖွဲ့ ပိုင်ဆိုင်သည့် လောင်စာဆီတင်ယာဉ်သုံးစီးကို အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးပစ်လိုက်ကြောင်း အင်တာနက်သတင်းတွင် ဇွန် ၂၅ ရက်က ဖော်ပြသည်။

အခင်းဖြစ်ပွားရာနေရာသို့ နေတိုးရဟတ်ယာဉ်များ ရောက်ရှိလာကြောင်း၊ ယင်းမှာ သေဆုံးသူများအလောင်းနှင့် ဒဏ်ရာရသူများအား သယ်ဆောင်ရန် ဖြစ်နိုင်ကြောင်း အာဖဂန်နစ္စတန် အရာရှိများက ပြောကြားသည်။

ယခုအချိန်အထိ သေဆုံး၊ ဒဏ်ရာရရှိသည့် သတင်းများထုတ်ပြန်ခြင်းမရှိသေးဟု သိရသည်။ ဇွန် ၂၅ ရက်ကလည်း အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်နှင့် နန်ဂါဟာပြည်နယ်တို့ ဆက်သွယ်သည့်လမ်းပေါ်၌ နိုင်ငံခြားတပ်ဖွဲ့ဝင်များ၏ ကားတန်းကို တာလီဘန်လက်နက်ကိုင်တို့က တိုက်ခိုက်ပြီး လောင်စာဆီတင်ယာဉ်နှစ်စီးကို ဖျက်ဆီးပစ်ခဲ့သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

မောင်မောင်မြင့်ဆွေ ——— ရေးသားသည်

မန်ယူ တိုက်စစ်မှူးဟောင်း ဖော်လန် စပါးကလပ်နှင့် စာချုပ်ရေး ဆွေးနွေးနေ

လန်ဒန် ဇွန် ၂၆

*စပါးအသင်းသည် မန်ယူတိုက်စစ်မှူးဟောင်း ဒီဂိုဖော်လန် **(ယာပုံ)**အား ခေါ်ယူစာချုပ်ရန် စီစဉ်လျက်ရှိကြောင်း၊ တိုက်စစ်ကို ထပ်မံအားဖြည့်ရန်ဖြစ်ကြောင်း စပါးနည်းပြ ဟယ်ရီရက်နက်က ဇွန် ၂၄ ရက်၌ ထုတ်ဖော်ပြောကြားသည်။ အသက် ၃၂နှစ်အရွယ်ရှိ ဒီဂိုဖော်လန်သည် အက်သလက်တီကိုမက်ဒရစ်အသင်းတွင် ၁၀၂ပွဲကစားပြီး ၆၆ ဂိုးသွင်းယူပေးထားနိုင်ခဲ့သည်။ ၎င်းကလပ်၌ လုပ်ခလစာတိုးပေးရန် တောင်းဆိုမှုကို ပယ်ချခဲ့သဖြင့် အသင်း ပြောင်းရွှေ့ရေး စီစဉ်နေခြင်းဖြစ်သည်။*

တွေ့ဆုံဆွေးနွေး

ဒီဂိုဖော်လန်အား တူရကီကလပ် ဂါလာတာစာရေးက ခေါ်ယူရန် ကမ်းလှမ်း နေသော်လည်း ငြင်းဆိုခဲ့ပြီး ပရီမီယာလိဂ်သို့ သွားရောက်ရန် ဆုံးဖြတ်ကာ စပါးကလပ်၏ ကမ်းလှမ်းမှုကြောင့် နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးလျက်ရှိသည်။ ***(အင်တာနက်)***

အင်တာမီလန်နည်းပြအဖြစ် ဂတ်စ်ပီရီနီအား ခန့်အပ်

မီလန် ဇွန် ၂၆

*အင်တာမီလန်အသင်းနည်းပြအဖြစ် ဂျီနိုအာအသင်း နည်းပြဟောင်း ဂတ်စ်ပီရီနီအား ခန့်အပ်တာဝန်ပေးလိုက်ကြောင်း အင်တာမီလန်ကလပ်က ဇွန် ၂၅ ရက်၌ သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)***

စာချုပ်ချုပ်ဆို

အသက် ၅၃ နှစ်ရှိ ဂတ်စ်ပီရီနီအား အင်တာမီလန် နည်းပြအဖြစ် နှစ်နှစ်စာချုပ်ချုပ်ဆိုလိုက်ပြီ ဖြစ်သည်။ ဂတ်စ်ပီရီနီသည် အင်တာမီလန်အသင်းနည်းပြ မော်ရင်ဟိုနောက်ပိုင်း သုံးဦးမြောက် နည်းပြဖြစ်လာသည်။

အင်တာမီလန်နည်းပြအဖြစ် မော်ရင်ဟိုနောက်ပိုင်း ဘင်နီတက်စ်၊ လီယိုနာဒိုတို့အပြီး ယခုဂတ်စ်ပီရီနီအား သုံးဦးမြောက် နည်းပြတာဝန်ပေးခြင်းပင်ဖြစ်သည်။ ***(အင်တာနက်)***

နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ

ကမ္ဘာတွင်အောင်မြင်ကျော်ကြားနေသည့် ကိုရီးယားပေါ့ပ်အဆိုတော်ဘိုယာကွမ်း

မြင့်မောင်စိုး ရေးသားသည်

ဆိုးလ် ဇွန် ၂၆

ကိုရီးယားဂီတလောကတွင် အောင်မြင်ကျော်ကြားလျက်ရှိသော အမျိုးသမီးအဆိုတော်တစ်ဦးကိုပြောပါဆိုလျှင် အာရှနှင့်ကမ္ဘာတစ်ခွင်လူကြိုက်များ အကျော်ကြားဆုံး ပေါ့ပ်အဆိုတော်မလေး ဘိုယာကွမ်း (Boa Kwan)ကို ညွှန်းဆိုရပေလိမ့်မည်။ (ယာပုံ)

မိတ်ဆက်ခွင့်

ဘိုယာကွမ်းသည် ၂၀၀၀ပြည့်နှစ်တွင် ID Peace B အမည်ရှိ တေးအယ်လ်ဘမ်ဖြင့် ပထမဆုံး ပရိသတ်နှင့် မိတ်ဆက်ခွင့်ရရှိခဲ့သည်။ ထိုအချိန်ကသူမ၏အသက်သည် ၁၇ နှစ်အရွယ်သာရှိသေးသည်။ ၎င်းတေးအယ်လ်ဘမ်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း အလွန်ရေပန်းစားခဲ့သည့် တေးအယ်လ်ဘမ် ဖြစ်သည်။

အဆိုတော်တစ်ဦး ဖြစ်လာ

အဆိုအက အလွန်ကောင်းလှသည့် ဘိုယာကွမ်း၏ဂီတအရည်အချင်းကို သိမြင်လာသော SM Entertainment ကုမ္ပဏီက သူမအား ဂျပန်နှင့်အင်္ဂလိပ် ဘာသာစကားကို သင်ကြားပေးခဲ့ပြီးနောက် ဂျပန်ပရိသတ်နှင့် မိတ်ဆက်ပေးခဲ့ရာမှ ဂျပန်မှာရော ကမ္ဘာမှာပါ အောင်မြင်ကျော်ကြားသည့် ကိုရီးယားအမျိုးသမီး အဆိုတော်တစ်ဦး ဖြစ်လာခဲ့သည်။

ဆွတ်ခူးနိုင်

ဘိုယာကွမ်းသည် ၂၀၀၂ ခုနှစ် မတ်လတွင် LISTEN TO MY HEART ဟု အမည်ရသည့် တေးအယ်လ်ဘမ်ကို ဂျပန်နိုင်ငံတွင် ပထမဆုံးထုတ်ဝေခဲ့သည်။ ယင်းတေးအယ်လ်ဘမ်သည် ဂျပန်နိုင်ငံတွင် ရောင်းအားအကောင်းဆုံး ဖြစ်ခဲ့ပြီး စုစုပေါင်း တေးစီဒီအချပ် ၉၃၂၀၀၀ ရောင်းချခဲ့ရသည်။ ထို့နောက် ပေါ့ပ်အဆိုတော် ဘိုယာကွမ်းသည် VALENT နှင့် LOVE & HONESTY အမည်ရှိ တေးအယ်လ်ဘမ်များ ဂျပန်နိုင်ငံ၌ ဆက်တိုက်ထွက်ရှိခဲ့သည်။ ဘိုယာ၏ အကောင်းဆုံး တေးအယ်လ်ဘမ်ကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြန့်ချိခဲ့သည်။ ယင်းတေးအယ်လ်ဘမ်၏ အမည်မှာ BEST OF SOUL ဖြစ်သည်။ ဂျပန်တွင် စုစုပေါင်း တေးစီဒီအချပ်ပေါင်း ၁၀၈၉၀၀၀ကျော် ရောင်းချခဲ့ရသည်။ သူမသည် ဂျပန်၊ တရုတ်၊ ကိုရီးယားနှင့် အာရှနိုင်ငံများသို့ လှည့်လည်ဖျော်ဖြေခဲ့ရာ ပရိသတ်များအကြား အလွန်အောင်မြင်ကျော်ကြားခဲ့သည်။ ဂျပန်၊ တရုတ်၊ ကိုရီးယားနှင့် စင်ကာပူနိုင်ငံတို့တွင် ဂီတနှင့်ပတ်သက်သည့် ဆုများစွာကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။

ဘိုယာသည် အာရှတစ်ခွင်အောင်မြင်ကျော်ကြားနေမှုကို ကျေနပ်မနေဘဲ ကမ္ဘာကို ထိုးဖောက်အောင်မြင်နိုင်ရန်အတွက် ၂၀၀၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ ပထမဆုံးတေးအယ်လ်ဘမ်ထွက်ရန် ကြိုးစားခဲ့သည်။ ၂၀၀၈ ခုနှစ် အောက်တိုဘာလတွင် ပေါ့ပ်အဆိုတော် ဘိုယာကွမ်းသည် Eat You Up အမည်ရှိ တေးအယ်လ်ဘမ်ကို အမေရိကန်၌ ပထမဆုံးထုတ်ဝေဖြန့်ချိခဲ့သည်။ထိုတေးအယ်လ်ဘမ်သည် အမေရိကန်နိုင်ငံ၌ အရောင်းရဆုံး တေးအယ်လ်ဘမ်များတွင် တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ ။

ကိုးကား-အင်တာနက်

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၆

ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၏ ပညာရည်ချွန်ဆုနှင့် အနုပညာစွမ်းရည်ထူးချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါတက္ကသိုလ် သရဖီဆောင် အနုပညာခန်းမ(၂)၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်စန္ဒာခင် တက်ရောက်အမှာစကားပြောကြားပြီး ဆုများကိုပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တာဝန်ခံပါမောက္ခချုပ် ဦးကျော်ဦး၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆားလင်းကြီး၌ သွေးလွန်တုပ်ကွေး ကာကွယ်ဆေးဖျန်း

ဆားလင်းကြီး ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ဇွန် ၃ ရက်က ဆားလင်းကြီးမြို့ရှိ အမကကျောင်းများတွင် မြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများ သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကြည်ဦးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်နည်း ရေးမြို့၌ သရုပ်ပြသ

ရေး ဇွန် ၂၆

ရေးမြို့နယ် ချောင်းတောင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၈၁)တွင် လယ်သမားကြီး ဦးအုန်းဖေ၏လယ်၌ ပေါင်ပျိုးစနစ်ဖြင့် လက်တွေ့သရုပ်ပြသခြင်းကို ဇွန် ၁၆ ရက်ကကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအုန်းတင်က သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်(၁၄)ချက်ကို လယ်သမားများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် စိုက်ပျိုးရေးဝန်ထမ်းများက ပေါင်စနစ်ဖြင့်ပျိုးထောင်နည်းကို လက်တွေ့ပြသခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျောက်တန်း၌ကျင်းပ

ရန်ကုန် ဇွန် ၂၆

ကျောက်တန်းမြို့နယ် ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ညောင်ဝိုင်းကျေးရွာအုပ်စု မြိုင်သာယာ(၁)၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် သန်လျင်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရီထွေးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက သတ်မှတ်ထားသော နေရာများတွင် သစ်ပင်များစုပေါင်း စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

စိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ယူကလစ်၊ မန်ကျည်းရှား ပျိုးပင်ပေါင်း ၅၈၀ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြင်စလူ၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပြင်စလူ ဇွန် ၂၆

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့နှင့် အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် အထိမ်းအမှတ် ၂၀၁၁ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၃ ရက် နံနက် ၁၀ နာရီက ပြင်စလူမြို့အထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက အမှာစကားပြောကြားပြီး အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးဆန်းတင့်က သစ်ပင်စိုက်ပျိုးပွဲ ကျင်းပရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။

စိုက်ပျိုး

ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ယူကလစ်ပင်၊ ဗာဒံပင်၊ ပေါက်ပန်းဖြူပင် စုစုပေါင်းအပင် ၃၀၀ ကို တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားပေးအပ်ပြီး စုပေါင်းသစ်ပင်စိုက်ပျိုးကြသည်။ပြင်စလူမြို့ အမှတ် (၁)၊ (၂)၊ (၃) ရပ်ကွက်များတွင်လည်း ဇွန် ၈ ရက်က သစ်ပင်မျိုးစုံ ၁၅၀၀ကို စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ထန်းတပင်မြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ထန်းတပင် ဇွန် ၂၆

ထန်းတပင်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော ကျေးလက်အိမ်ရာထူထောင်ရေးနှင့် ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ရွာတစ်ဧက စိုက်ပျိုးခြင်း အခမ်းအနားကို ဇွန် ၂၀ ရက်က တပြေးကျေးရွာတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယဦးစီးမှူး ဦးလူလူထွန်း၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးငွေဝင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကျေးရွာပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၅၈၂ ဦးတို့က ယူကလစ် ပင် ၆၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

သာယာဝတီ၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

သာယာဝတီ ဇွန် ၂၆

သာယာဝတီမြို့နယ် ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၈ ရက် နံနက် ၈ နာရီက သာယာဝတီမြို့နယ် ပြည်တော်သာနှင့် ဥတို-ရွာကြီးကုန်းကျေးရွာ ရွာချင်းဆက်လမ်းဘေးရှိ တစ်အုပ်တစ်မစိုက်ခင်း၌ ကျင်းပရာ သာယာဝတီခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးချစ်စိန်က ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးသည်။ **(အောက်ပုံ)** ထို့နောက် သာယာဝတီခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ဟောပြောပြီး သာယာဝတီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြဝင်း၊ သာယာဝတီမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မင်းနှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ကျွန်း၊ ပိတောက်၊ ကုက္ကို၊ မဟော်ဂနီ၊ ပျဉ်းမ၊ ယူကလစ် သစ်ပင်မျိုးစုံ စုစုပေါင်း ၁၂၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း သတင်းအတိုအထွာ

အခွန်ပညာပေးရှင်းလင်းပွဲ ကော့ကရိတ်၌ ကျင်းပ

ကော့ကရိတ် ဇွန် ၂၆

ကော့ကရိတ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များဆိုင်ရာ ပညာပေးရှင်းလင်းပွဲကို မြို့နယ်ခန်းမ၌ ဇွန် ၁၂ ရက်က ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးချစ်သောင်းက လုပ်ငန်းခွန်၊ ဝင်ငွေခွန်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော အခွန်ထမ်းပြည်သူတို့၏ မေးမြန်းချက်များကို ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပန်းချီ၊ ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

ပုသိမ် ဇွန် ၂၆

ဧရာဝတီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပန်းချီ၊ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၈ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဧကရာဇ်ခန်းမ၌ကျင်းပရာ အဆိုပါ ပြိုင်ပွဲသို့ ခရိုင်ခြောက်ခုတို့မှ အခြေခံပညာ အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက "လူဦးရေ သန်း ၇၀၀၀ရဲ့ဝန်တာ ထမ်းဆောင်နေတဲ့ ဒို့ရဲ့ကမ္ဘာ (The World at 7 Billion)" ခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

တပ်ကုန်း၌ တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသ

တပ်ကုန်း ဇွန် ၂၆

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ အခမဲ့စမ်းသပ်စစ်ဆေးကုသပေးမှုကို ရပ်ကွက်၊ ကျေးရွာများအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်က တပ်ကုန်းမြို့နယ် အနောက်ခြမ်းဖြစ်သော တုတ်တွင်းကျေးရွာတွင် မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်မာလွင်၊ တိုင်းရင်းဆေးဆရာ ဦးမောင်အုန်းနှင့် ဦးကျော်လှတို့က မြန်မာတိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများ ရှင်းလင်းဟောပြောကြပြီး ဟောပြောပွဲတက်ရောက်လာသူများအား အခမဲ့ဆေးကုသပေးခဲ့ကြသည်။

(၀၂၁)

ယူကလစ်ထင်းများ ပြည်သူများအား ခွဲဝေပေး

မိုးကုတ် ဇွန် ၂၆

မိုးကုတ်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဦးစီးအရာရှိ ဦးခင်မောင်ငွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်တို့ ကြီးကြပ်၍ ရွှေညောင်ပင်ကျေးရွာ ပြည်သူများသို့ ယူကလစ်သစ်ထင်းများကို မေ ၂၉ ရက်က စနစ်တကျ ခွဲဝေပေးခဲ့သည်။ မိုးကုတ်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ကျေးရွာတိုင်းတွင် တစ်ရွာတစ်ဧက၊ တစ်အိမ်ထောင် သစ်မာပင် ၂၀၊ တစ်အိမ်ထောင် ကျွန်းသုံးပင်နှုန်းဖြင့် စိုက်ပျိုးထားရာ အောင်မြင်စွာ ဖြစ်ထွန်းလျက်ရှိကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းဖွင့်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျောင်းကုန်းမြို့နယ်၌ ကျင်းပ

ကျောင်းကုန်း ဇွန် ၂၆

ကျောင်းကုန်းမြို့နယ် မကျီးပင်ကွင်းကျေးရွာအုပ်စု ကညင်ကောက်ကျေးရွာ အမကကျောင်းတွင် ကျောင်းဖွင့်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇွန် ၇ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ကျင်းပရာ ကျောင်းကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

သစ်ပင်ချစ်သူများ တွေ့ဆုံပွဲကျင်းပ

လားရှိုး ဇွန် ၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)သစ်တောဦးစီးဌာန၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် သစ်ပင်ချစ်သူများတွေ့ဆုံပွဲကို ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီက လားရှိုးမြို့ သစ်တောဦးစီးဌာန အဆင့်မြင့်ရိပ်သာတွင် ကျင်းပရာ မိုးရာသီကာလအတွင်း အပတ်စဉ် (စနေနှင့်တနင်္ဂနွေ)နေ့များတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားမှုများ၊ ရေဦးရေထွက်များနှင့် ကျေးလက်အိမ်ရာထူထောင်ရေး သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

စီးပွားရေးလုပ်ငန်းများ ဘဏ်လုပ်ငန်းများနှင့် ဆက်သွယ်နေ နိုင်ငံတစ်ဝန်းငွေကြေးစီးဆင်းလည်ပတ်မှု မှန်ကန်မြန်ဆန်ရန်လိုအပ်

နေပြည်တော် ဇွန် ၂၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ M3 Food Centre ၌ ကျင်းပသော မြန်မာနိုင်ငံသားများဘဏ်၏ (၁၉)ကြိမ်မြောက် အထွေထွေ အစည်းအဝေးသို့တက်ရောက်၍ အမှာစကား ပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ကို အခြေခံထားသည့်အတွက် လိုအပ်လိုက်ဖက်သော ငွေရေးကြေးရေးစနစ် ဖွဲ့စည်းတည်ဆောက်မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ်လုပ်ငန်းသည် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းဖြစ်သည့်အတွက် စီးပွားရေးနယ်ပယ်တွင် အရေးပါသော ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများသည် ငွေကြေးနှင့်ဆက်စပ်နေပြီး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် ဘဏ်လုပ်ငန်းများနှင့် မလွဲမသွေ ဆက်သွယ်နေကြမည်ဖြစ်ရာ နိုင်ငံတစ်ဝန်း ငွေကြေးစီးဆင်းလည်ပတ်မှု မှန်ကန်မြန်ဆန်မှု ရှိရန်လိုအပ်ကြောင်း၊ ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်မှုအရည်အသွေး ပိုမိုထက်မြက်လာစေရေးကို လည်းကောင်း၊ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရေးကို လည်းကောင်း၊ ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ပြီး ပြည်ပသို့ပိုမိုတင်ပို့ရောင်းချနိုင်ရန် အတွက်လည်းကောင်း၊ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ထွန်းလာစေရေးကိုလည်းကောင်း များစွာ အထောက်အကူပြုကာ အပြန်အလှန် ဆက်သွယ်အကျိုးသက်ရောက်လျက်ရှိကြောင်း။

ဆွေးနွေးပြောကြား

စီးပွားရေးလုပ်ငန်းများဖြစ်သည့် ထုတ်လုပ်မှုလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းစသည့်လုပ်ငန်းများကို ငွေကြေးလည်ပတ်မှုရှိစေရန် ချေးငွေများ ထုတ်ချေးပံ့ပိုးခြင်းအားဖြင့် ဒေသစီးပွားရေးမှ နိုင်ငံတော်၏စီးပွားရေးသို့ တိုးတက်ဖွံ့ဖြိုးလာမည် ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းများကို နိုင်ငံတော်က ထုတ်ပြန်ထားသောဥပဒေ၊ နည်းဥပဒေများ၊ ဘောင်အတွင်းက ဝန်ဆောင်မှု အကောင်းဆုံးပေးနိုင်အောင် ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မြန်မာနိုင်ငံသားများဘဏ်၏ (၁၉)ကြိမ်မြောက် အထွေထွေ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၇-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅	၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။ နံနက်ခင်းသတင်း
၇:၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၇:၅၅	၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၀၀	၈။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀	၉။ **ငှက်တစ်သောင်း**
၈:၃၀	၁၀။ အတီးပြိုင်ပွဲ
၈:၄၀	၁၁။ International News
၈:၄၅	၁၂။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။ အကပဒေသာ
၄:၂၀	၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၃၀	၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
၄:၄၀	၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄:၅၅	၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၀	၇။ မြန်မာစာ၊ မြန်မာစကား
၅:၁၅	၈။ တေးဂီတအစီအစဉ်
၅:၃၀	၉။ **မြန်မာတေးသံရှင်ရွေးချယ်ပွဲ**
၆:၀၀	၁၀။ ညနေခင်းသတင်း
၆:၁၅	၁၁။ မိုးလေဝသအခြေအနေ
၆:၂၀	၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀	၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၃)
၈:၀၀	၁၄။ ပြည်တွင်းသတင်း
	၁၅။ နိုင်ငံတကာသတင်းများ
	၁၆။ မိုးလေဝသအခြေအနေ
	၁၇။ **ကမ္ဘာကျော်သရုပ်ဆောင်များ**
	၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၉)

ကယ်ဆယ်ရေးပစ္စည်းခြောက်မျိုး သိုလှောင်ထားရှိမှု ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၆

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဇွန် ၂၅ ရက် မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး၌ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ မီးသတ်ယာဉ်များ ကြံ့ခိုင်မှုရှိရေးနှင့် စွမ်းအားမြင့် မီးငြိမ်းသတ်နိုင်ရေးတို့ကို မှာကြားခဲ့သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့မရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်လူမှုဝန်ထမ်းရုံးနှင့် မူလတန်းကြိုကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် အေးသာယာမြို့ ထုံးဖိုရပ်ကွက်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှူးရုံး၏ လုပ်ငန်းဆောင်ရွက်မှုနှင့် သိုလှောင်ရုံ၌ ကယ်ဆယ်ရေးပစ္စည်းခြောက်မျိုး သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် အေးသာယာမြို့သစ် စက်မှုဇုန်ရှိ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးဆေးခန်းမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆေးပေးခန်းနှင့် ဆေးခန်းအသစ် ဆောက်လုပ်မည့်မြေနေရာတို့ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် လယ်ဝေးမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၆

နေပြည်တော် လယ်ဝေးမြို့နယ် ၂၀၁၁ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံဝင်း၌ကျင်းပရာ ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

စုပေါင်းစိုက်ပျိုး

ဆက်လက်၍ နေပြည်တော်ကောင်စီနယ်မြေ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ပျိုးပင် ၁၅၀၀ကို စုပေါင်းစိုက်ပျိုးပေးကြသည်။

ယခုနှစ်အတွင်း အဆိုပါမြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနက တစ်အိမ်ထောင်ကျွန်းသုံးပင်နှင့် သစ်မာပင် ၂၀စီ၊ စံပြကျေးလက်အိမ်ရာ ထူထောင်ရေး တစ်ရွာတစ်ဧကစီ အပါအဝင် လူထုဖြန့်ပျိုးပင် ၂၂၀၉၉၆ ပင်နှင့် ဌာနအစီအစဉ်ဖြင့် ပျိုးပင် ၅၇၀၀၀၀ တို့ကို စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပျိုး

နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ နေပြည်တော် လယ်ဝေးမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၌ သစ်ပင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

စိမ်းရပ်တောခွင် အလှဆင်စို့

* စိမ်းရပ်တောခွင်၊ အလှဆင်ရန်
အားအင်စုရုံး၊ မြို့ရွာလုံးကျွတ်
အပြုံးနှင့်ယှဉ် အမှန်မြင်လျက်
သစ်ပင်များစွာ စိုက်ပျိုးပါစို့။

* အိမ်ရာတွင်းပြင်၊ စားသုံးပင်နှင့်
သီးပင်ရိပ်ပင်၊ လှုံ့လယှဉ်လျက်
အလျှဉ်မပြတ်၊ မြေမလပ်အောင်
စိမ်းရပ်တောခွင် အလှဆင်စို့။

* မြတ်သောသစ်ပင်၊ ကျေးဇူးရှင်ဟု
သိမြင်စိတ်တွင်၊ ပုံရိပ်ထင်လျက်
လူ့ခွင်အကျိုး၊ သူသယ်ပိုးသို့
သူ့ကျိုးတွက်ရည်၊ ဒို့များသည်လည်း
ညီညာစိတ်ဝမ်း၊ တူပြိုင်ထမ်းစို့
စိမ်းလန်းသည့်ပြည် ငါတို့တည်။
အားလုံးသစ်ပင် စိုက်ကြမည်။
သန်းပေါင်းသုံးဆယ် ပင်ပေါင်းညီ။
သစ်ပင်စိုက်ပွဲ နွှဲကြမည်။ ။

စလင်းအောင်မြင့်ဦး(မြန်/ဆက်)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ပုဗ္ဗသီရိမြို့နယ်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၆

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့် တက်ရောက်၍ ခရေပင်စိုက်ပျိုးပေးသည်။ **(ဓာတ်ပုံ)** ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးဌာနဝန်ထမ်းများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များက ခရေ၊ ကံ့ကော်၊ မဟော်ဂနီ၊ ပိတောက်၊ ယူကလစ်၊ ကျွန်း၊ ကုက္ကို၊ မဲဇလီ စုစုပေါင်း ၉၀၀ စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ကုန်၊ သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်းဖွင့်မည်

နေပြည်တော် ဇွန် ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး၌ ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ်(၃၈)ကို ဇူလိုင် ၄ ရက်မှ ၂၇ ရက်အထိ ရုံးပိတ်ရက်မှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီ ၄၅ မိနစ်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

တက်ရောက်လိုသူများသည် အမှတ် (၂၂၈/၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန သင်တန်းခန်းမ၌ ဇွန် ၂၇ရက်မှ စ၍ စာရင်းပေးသွင်းနိုင်သည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၁၂)ကြိမ်မြောက် ဒီပလိုမာအောင်လက်မှတ်ချီးမြှင့်အပ်နှင်းပွဲနှင့် သင်တန်းသားသစ်ကြိုဆိုပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၆

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ (၁၂) ကြိမ်မြောက် ဒီပလိုမာအောင်လက်မှတ် ချီးမြှင့်အပ်နှင်းပွဲနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် သင်တန်းသားသစ်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အဆိုပါ တက္ကသိုလ်ဗဟိုဆောင်ဘာဝနာ မဟာသဘာခန်းမ၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဒေါက်တာ ကုမာရာဘိဝံသ အမျိုးပြုတော်မူသော ဆရာတော်များကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်တိုင်းဒေသကြီး ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား ရဟန်းတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဒေါက်တာနန္ဒမာလာဘိဝံသက သင်တန်းသား သီလရှင်တစ်ပါးအား ဒီပလိုမာ အောင်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နာယူ

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် ပရိသတ်တို့က ဩဝါဒကထာကို နာယူကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဒေါက်တာနန္ဒမာလာဘိဝံသက သင်တန်းသား ရဟန်းတော်၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များအား ဒီပလိုမာ အောင်လက်မှတ် ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများက အဓိဋ္ဌာန်ပြုကြသည်။

မြွက်ကြား

ယင်းနောက် ပါမောက္ခချုပ်ဆရာတော်က သင်တန်းသားသစ်ရဟန်းတော်များအား ကျောင်းတံဆိပ်ပါ ကတ္တီပါယပ်များကိုလည်းကောင်း၊ သင်တန်းသားသစ် သီလရှင်များ၊ လူပုဂ္ဂိုလ်များအား ကျောင်းတံဆိပ်ပါ ယောဂီလောဘက်များကိုလည်းကောင်း သင်တန်းသားသစ်များအဖြစ် အသိအမှတ်ပြုအပ်နှင်းပြီး ဩဝါဒကထာနှင့် သမ္မောဒနီယ သန္ဒေသကထာကို မြွက်ကြားတော်မူသည်။ **(သတင်းစဉ်)**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

နှစ်ဖက်သောအဘိုးအဘွားများဖြစ်ကြသည့် ဗိုလ်ကြီးမောင်အောင်(ငြိမ်း)-ဒေါ်တင်ကြည်၊ ဦးမြင့်စိုး-ဒေါ်ကံစိန်(ရွှေယုန်မင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း) တို့အား အမှူးထား၍ ဗိုလ်မှူးစိုးမြင့်အောင်(ငြိမ်း)-ဒေါ်အိအိခိုင် သား မောင်ဇင်မင်းထွဋ်၊ သမီး မမြင့်သန္တာထွန်းတို့ မိသားစုက မမြင့်သန္တာထွန်း၏ ငါးနှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇီဝိတဒါန သံဃာ့ဆေးရုံ ထာဝရဆေးပဒေသာပင်အတွက် အလှူငွေ ကျပ်ငါးသိန်းပေးအပ်လှူဒါန်းစဉ်။ (သံဃာ့ဆေးရုံ)

ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်း (၂/၂၀၁၁) သင်တန်းဆင်းပွဲကို ဇွန် ၁၀ ရက်က ခရိုင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးနေလင်းက သင်တန်းတွင် ထူးချွန်သော ဌာနခွဲစာရေးကြီး ဦးအေးဆန်းအား သင်တန်းဆင်းလက်မှတ်နှင့် ထူးချွန်ဆုများ ချီးမြှင့်စဉ်။ (ဝ၃၁)

ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

နေပြည်တော် ဇွန် ၂၆

မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက်က မော်လမြိုင်မြို့နယ် ကျောက်တန်းစံပြကျေးရွာ၌ ကျင်းပရာ မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာညွန့်ဝေနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ တက်ရောက်အားပေးကြပြီး မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြတ်သာထွန်းက ငါးမျိုးပြန့်ပွားမှု ကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများ၊ ကျေးရွာအုပ်စုများအရောက်ပညာပေးဆောင်ရွက်မှု အခြေအနေနှင့် သတ်မှတ်စည်းကမ်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်ရေလုပ်ငန်း လုပ်ကိုင်သူများအား ရှင်းလင်းဆွေးနွေးသည်။

လှူဒါန်း

ဟောပြောပွဲတွင် ငါးသယံဇာတထိန်းသိမ်းကာကွယ်ရေး ပညာပေး လက်ကမ်းစာစောင်နှင့် စီဒီခွေများ ဖြန့်ဝေပေးပြီး ကျေးရွာစာကြည့်တိုက်သို့ စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရေစီးရေလာကောင်းမွန်ရေး ဟသ်ာတ၌ ရေမြောင်းများတူးဖော်

ဟသ်ာတ ဇွန် ၂၆

ဟသ်ာတမြို့အတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဇွန် ၁၇ရက်က မြို့တွင်းရှိရေမြောင်းများကို မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ကြီးကြပ်လျက် အဖွဲ့ဝန်ထမ်းများ တူးဖော်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

နှုတ်ဆက်

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ကျင်းပသည့် Course on Creative Entrepreneurship သင်တန်းသို့ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းမှ အသင်းဝင် ဒေါ်အေးအေးမူ တက်ရောက်ရန် ဇွန် ၁၉ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ အသင်းအမှုဆောင် ဒေါက်တာသက်သက်ခိုင်နှင့် ဒေါ်လှလှမျိုးတို့ လိုက်ပါပို့ဆောင် နှုတ်ဆက်ကြစဉ်။ (မြန်မာ့အလင်း)

ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ အမြို့မြို့ အနယ်နယ်တွင် ထောက်ပံ့ပေးအပ်

ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက် အမက(၁၂) ကျောင်းသား ကျောင်းသူများအား စာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်ပွဲကို အမက(၁၂) ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ငြိမ်းက ကျောင်းသုံးစာအုပ်များ ပေးအပ်စဉ်။ (ဝ၄၅)

မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို ဇွန် ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော် ကျောင်းသူတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

အကျဉ်းဦးစီးဌာန ပဲခူးအကျဉ်းထောင်ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၄ ရက်က ပဲခူးအကျဉ်းထောင်တွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေကြီး ထောင်အုပ်စုညွှန်ကြားရေးမှူး ဦးမျိုးခင် ကျောင်းသူတစ်ဦးအား ထောက်ပံ့ငွေ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

မရမ်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၀ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင် ကျောင်းသားတစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (မြန်မာ့အလင်း)

သံတွဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁၆ ရက်က အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က ကျောင်းသူတစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

အမှာစကား ပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများ ထိန်းသိမ်းရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ဆက်လက်၍ ဒုတိယသမ္မတသည် နန်းဟူးကျောင်း၌ ကျင်းပသည့် ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်များနှင့် စောင့်ရှောက်ရေးအဖွဲ့ဝင် ဆရာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား ဂေါပကအဖွဲ့ဩဝါဒါစရိယ အင်းလေးရွှေဘုံသာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လာဘိဝံသထံမှ ဒုတိယသမ္မတနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်တို့က ဆရာတော်ထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်တော်၊ ဆီတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အင်းလေးဒေသလုံးဆိုင်ရာ စာပြန်ပွဲ၌ ဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်များ တည်းခိုသီတင်းသုံးနိုင်ရန် ရည်ရွယ်၍ အင်းလေးဟဲယာရွာမ၌ တည်ဆောက်လျက်ရှိသော သာသနာ့ဗိမာန်တော်ကြီး အပြီးသတ်ဆောက်လုပ်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်လီမိတက်က အလှူငွေ ကျပ်သိန်း ၁၁၀၀ ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ထို့နောက် အင်းလေးရွှေဘုံသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝေပုလ္လာဘိဝံသထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရား ဇလသာလာဆောင်၌ ကျင်းပသည့် အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများ ထိန်းသိမ်းရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အင်းလေးကန်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့် ထူးခြားချက်များ၊ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများ ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အင်းလေးကန်ပတ်ဝန်းကျင်၌ ဇီဝမျိုးကွဲများ တည်ရှိမှုအခြေအနေ၊ အင်းလေးကန်အတွင်း စီးဝင်သည့် ချောင်းများနှင့် သဘာဝရေထွက်ဦးများ၊ သစ်တောဖုံးလွှမ်းမှုနှင့် မြေအသုံးချမှု အခြေအနေ၊ အင်းလေးကန်အတွင်း သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လာမှုအခြေအနေ၊ အင်းလေးကန်ထိန်းသိမ်းရေးအတွက် ၂၀၁၀ ခုနှစ် မတိုင်မီက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် တွေ့ရှိချက်များ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က အင်းလေးကန်အတွင်း ရေဝင်ရောက်မှုနှင့် ရေစီးဆင်းမှုအခြေအနေ၊ နမ့်လတ်ချောင်း၏ နုန်းထိန်းတမံအထက်ပိုင်း၌ ဆည်တည်ဆောက်ရန် ဆည်မြောင်းဦးစီးဌာနက ကွင်းဆင်းလေ့လာစူးစမ်းတိုင်းတာမှုများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းကြည်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးခင်မောင်ရင်တို့က အင်းလေးကန်နှင့်ဆက်စပ်သည့် နယ်မြေများ၌ သက်ဆိုင်ရာကဏ္ဍအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ စီမံဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ရှေးဟောင်းသဘာဝအမွေအနှစ်ဖြစ်ပြီး အာဆီယံတွင်လည်း 'ASEAN Cultural Heritage' အဖြစ် သတ်မှတ်ထားသည့် သဘာဝရေအိုင်တစ်ခုဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ် ကောက်ယူစာရင်းအရ အင်းလေးကန်နှင့် ဝန်းကျင်ဒေသ၌ ကျေးရွာအုပ်စု (၃၆)အုပ်စု၊ အိမ်ထောင်စုပေါင်း ၃၄၂၇၂စုနှင့် လူဦးရေ ၁၇၃၀၉၉ဦး နေထိုင်လျက်ရှိကြောင်း၊ အင်းသား၊ ပအိုဝ်း၊ ရှမ်း၊ ပလောင်၊ ခနော၊ ဗမာစသော တိုင်းရင်းသားလူမျိုးများနေထိုင်ကြပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများဖြင့် အသက်မွေးလျက်ရှိကြောင်း။

အပူချိန်မြင့်တက်

Global Climate Change ၏အကျိုးသက်ရောက်မှုကြောင့် ၂၀၀၉ ခုနှစ်က မြန်မာနိုင်ငံ၌ မိုးရွာသွန်းမှုနည်းပါးခြင်း၊ ၂၀၁၀ ခုနှစ် မေလအတွင်း ထူးကဲစွာ အပူချိန်မြင့်တက်လာခြင်း၊ မုတ်သုံမိုးနောက်ကျခြင်းတို့ ဖြစ်ပေါ်လာခဲ့ပြီး တစ်နိုင်ငံလုံး၌ ရေခန်းခြောက်ရှားပါးမှုများနှင့် တွေ့ကြုံနေရကြောင်း၊ ထိုအခြေအနေကြောင့် အင်းလေးကန်၌ ရေထိန်းသိမ်းထားမှု အနည်းဆုံးဖြစ်ကာ ကန်အတွင်း သောက်သုံးရေ ရှားပါးခြင်းနှင့် သွားလာရာတွင် အခက်အခဲတို့ကို ဖြစ်ပေါ်စေခဲ့ကြောင်း။

အင်းလေးကန်အတွင်း ရေတည်ရှိနေမှု၊ စဉ်ဆက်မပြတ် ရေစီးဆင်းနေမှုသည် ဒေသနေပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုသည်သာမက အင်းလေးကန်ဘီလူးချောင်းမှ စီးဝင်သောရေဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်ထားသော လောပိတရေအားလျှပ်စစ်သည်လည်း မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဖွံ့ဖြိုးရေး မဏ္ဍိုင်ကြီး ဖြစ်ကြောင်း၊ ထို့ကြောင့် အင်းလေးကန် ရေဝင်နည်းလာသည်နှင့်အမျှ နိုင်ငံတော်ကုန်ထုတ်စွမ်းအားကိုလည်း အချိုးကျလျော့ကျစေလိမ့်မည်ဟု ခန့်မှန်းရကြောင်း။

အင်းလေးကန် အကျယ်အဝန်းတွင် မူလက ရေပြင်ဧရိယာ ၁၀၀ စတုရန်းမိုင် ရှိသော်လည်း ၂၀၀၇ ခုနှစ် စာရင်းအရ ၂၄ စတုရန်းမိုင်သာရှိပြီး ရေဝေရေလဲ ဧရိယာမှာ ၂၁၆၆ ဒသမ ၈ စတုရန်းမိုင်ရှိကြောင်း။

ရာသီမရွေး

အင်းလေးကန်အတွင်းသို့ ရေစီးဝင်လာသော ချောင်းပေါင်း ၂၉ခုရှိပြီး အဓိကစီးဝင်နေသော ချောင်းလေးချောင်းရှိကြောင်း၊ ထိုချောင်းလေးခုသည် ရာသီမရွေးစီးဝင်သော ချောင်းများဖြစ်ပြီး ကျန်ချောင်းများသည် မိုးရာသီမှသာ ရေစီးရေလာကောင်းသည်ကို တွေ့ရကြောင်း။

အဓိကချောင်းလေးခုသည် ရာသီမရွေးစီးဝင်သည်ဟု ဆိုသော်လည်း အချိန်ကာလ ပြောင်းလဲတိုက်စားလာသည်နှင့်အမျှ ရေစီးဝင်ပမာဏမှာ လျော့လာလိမ့်မည်ဟု မျှော်မှန်းထားကြောင်း၊ ကျွန်းမျောများအနေဖြင့် သဘာဝကျွန်းမျောများနှင့် ရေခြံပြုလုပ်၍ သီးနှံစိုက်ပျိုးသော ကျွန်းမျောများဟူ၍ တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နေခြင်းကြောင့် အင်းလေးကန်အတွင်း စိုက်ပျိုးမြေတိုးချဲ့ကာ ရေထိန်းသိမ်းနိုင်မှုပမာဏကို လျော့နည်းလာစေကြောင်း။

အင်းလေးကန်နှင့် မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သစ်တော၊ ရေ၊ မြေ၊ သားငှက်နှင့်တိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို စီမံကိန်းချမှတ်၍ ဆောင်ရွက်ရန်လိုအပ်ပြီး အဆိုပါလုပ်ငန်းရပ်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆည်မြောင်းဦးစီးဌာနတို့က လည်းကောင်း၊ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနကလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး သက်ဆိုင်ရာဌာနများက ရေးဆွဲထားသော စီမံချက်များအတိုင်း ဆောင်ရွက်ရန်လိုအပ်ကြောင်း။

အင်းလေးကန်ရှိ ဇီဝမျိုးကွဲများ ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ရန် ကိစ္စရပ်များကို တောင်ကြီးတက္ကသိုလ်မှ သက်ဆိုင်ရာ ဘာသာရပ်အလိုက် စဉ်ဆက်မပြတ် သုတေသနပြုလုပ်၍ စာတမ်းများတင်ပြနေရန် လိုအပ်ပြီး ယင်းစာတမ်းပါအချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက အလေးအနက်ထား၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

အင်းလေးကန် ရေရှည်တည်တံ့ ထိန်းသိမ်းနိုင်ရန်နှင့် စိမ်းလန်းစိုပြည်ရေးအတွက် အောက်ပါလုပ်ငန်းများကို အလေးအနက်ထား၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

- အင်းလေးကန်တွင် နောက်ထပ်ကျေးရွာများ၊ အိမ်များ၊ ကျွန်းမျောများ တိုးချဲ့တည်ဆောက်မှုမပြုရန်။
- အင်းလေးကန်အတွင်းမှ မလိုအပ်သော ကျွန်းမျော၊ ဒိုက်၊ မှော်၊ နုန်းမြေများကို ဆယ်ယူဖယ်ရှား ရှင်းလင်းရန်။
- ချောင်းများရေစီးရေလာကောင်းအောင် ပြန်လည်ထိန်းသိမ်းပြုပြင်ရန်။
- အင်းလေးကန်ပတ်လည် မိုင် ၂၀ အတွင်း သစ်တောသစ်ပင်များ ခုတ်ယူခြင်းနှင့် တောင်ယာများပြုလုပ်ခြင်းကို တားမြစ်ရန်။
- ကျွန်းမျောများကို ရေခြံပြုလုပ်ခြင်းကို တားမြစ်ရန်။
- ရာသီဥတုမျှတ၍ မိုးရေချိန်လက်မ မြင့်တက်လာစေရေးအတွက် ရေဝေရေလဲ ဒေသများတွင် ရွက်စိမ်းသစ်တောသစ်ပင်များ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းများကို ဆောင်ရွက်ရန်။
- နုန်းပြိုကျမှု ထိန်းသိမ်းရန်အတွက် နုန်းတားဆည်များ တည်ဆောက်ပေးရန်။
- သောက်သုံးရေရရှိရေး ရေအရင်းအမြစ်များ ရှာဖွေတည်ဆောက်ရန်။
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အင်းလေးကန်သည် အမျိုးသားရေး လိုအပ်ချက်ဖြစ်ကြောင်း ဒေသခံများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့်
- အင်းလေးကန် ရေရှည်တည်တံ့ ထိန်းသိမ်းရေးအတွက် ဘဏ္ဍာငွေဖောင်ဒေးရှင်းတစ်ရပ်ကို နိုင်ငံတော်မတည်မှု၊ လုပ်ငန်းရှင်ထည့်ဝင်မှုတို့ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အင်းလေးကန် ရေရှည်တည်တံ့ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ရာ ထိုကော်မတီအနေဖြင့် အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း) သစ်ထုတ်ကုမ္ပဏီလုပ်ငန်းရှင်များက အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလှူငွေကျပ် သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းရာ အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းမောင်က လက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အင်းလေးဖောင်တော်ဦး ရုပ်ရှင်တော်မြတ်စွာဘုရားမှ စက်ရေယာဉ်ငယ်များဖြင့် အင်းလေးခေါင်တိုင်သို့ ရောက်ရှိပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီးသို့ ရောက်ရှိကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် စဝ်စံထွန်းဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာညဏ်လင်းနှင့် ဆရာဝန် ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော လူနာများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ဓာတ်မှန်ခန်း၊ မျက်နှာမေးရိုး၊ သွားနှင့်အထူးကုဌာန၊ ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းနှင့် သွေးလှူဘဏ်၊ ဇီဝဓာတုဓာတ်ခွဲခန်း၊ ခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ်ကုသခန်းနှင့် ခွဲစိတ်ကုသဆောင်၊ တီဗွီဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးက လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆေးရုံအစည်းအဝေးခန်းမ၌ ဆရာဝန် ဆရာမများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာညဏ်လင်းက စဝ်စံထွန်းဆေးရုံကြီး၏ မြေရာဇဝင်သမိုင်းနှင့် ဆေးရုံအဆောက်အအုံများ ဆောက်လုပ်ထားမှုအခြေအနေ၊ ဆေးကုသဌာနများနှင့် ဝန်ထမ်းအင်အားအခြေအနေ၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ ဆေးရုံကြီး၏ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်မှု၊ အခမဲ့ဆေးကုသပေးသည့် လူနာဦးရေ၊ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသမှုနှင့် လိုအပ်မှုများကို ရှင်းလင်းတင်ပြသည်။

အထိမ်းအမှတ်

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် စဝ်စံထွန်းဆေးရုံကြီးကို ရုရှား-မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်အဖြစ် ရုရှားနိုင်ငံက တည်ဆောက်ပေးခဲ့ပြီး ၁၉၆၁ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ရုရှားနိုင်ငံအကူအညီဖြင့် တည်ဆောက်ခဲ့သည့်အတွက် ယခုဆေးရုံကြီးကို ယခင်က ရုရှားဆေးရုံဟုခေါ်ဝေါ်ခဲ့သော်လည်း နိုင်ငံတော်၏ အာဇာနည်ခေါင်းဆောင်စာရင်းဝင်ဖြစ်သော စဝ်စံထွန်းကို ဂုဏ်ပြုသည့်အနေဖြင့် စဝ်စံထွန်းဆေးရုံကြီးဟု အမည်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဤဒေသတစ်ဝိုက်တွင် ယခင်က အလွန်နာမည်ကြီးသော ဆေးရုံကြီးလည်းဖြစ်ကြောင်း။

နှစ်ပေါင်း (၅၀)ခန့် ကြာလာပြီဖြစ်သည့်အတွက် ဟောင်းသင့်သလောက်ဟောင်း၊ ပြောင်းသင့်တာပြောင်းနေသည်ကို တွေ့ရသော်လည်း တာဝန်ကျဆရာဝန် ဆရာမများ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုထက်တိုင် တောင်ကြီးမြို့သာမက ပတ်ဝန်းကျင်မြို့နယ်ဒေသအားလုံးရှိ လူနာများအား ပြုစုကုသပေးနေသော ဆေးရုံကြီးပင်ဖြစ်ကြောင်း၊ ဆေးရုံကြီးအနေဖြင့် ပြည်သူအများ ယုံကြည်အားကိုးရသော ဆေးရုံတစ်ရုံဖြစ်လာနိုင်ရန် ဆေးဝါးကုသရေးသာမက လူနာများအား ဆက်ဆံရာတွင်လည်း နွေးထွေးရန် ပိုမိုလိုအပ်ကြောင်း၊ တာဝန်ကျဆရာဝန် ဆရာမများ၊ အထူးကုဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၏ လူနာများအပေါ်ထားရှိသော စေတနာသည်လည်း လွန်ခဲ့သော နှစ်(၅၀)ခန့်က ထားရှိသည့်စေတနာထက်မလျော့စေဘဲ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဂရုတစိုက်အလေးထား ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

ဆေးရုံ၊ ဆေးပေးခန်းများ၊ ကျန်းမာရေးဌာနများကို ယခင်အစိုးရလက်ထက်က တတ်အားသမျှ တိုးမြှင့်ဆောက်လုပ်ပေးခဲ့ရာ ယခုတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးရုံပေါင်း ၉၂၉ ရုံရှိလာပြီး ကုသရေးလုပ်ငန်းလွှမ်းခြုံမှုများကိုလည်း ပိုမိုဆောင်ရွက်လာနိုင်ပြီဖြစ်ကြောင်း၊ ထို့အပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လမ်းပန်းဆက်သွယ်မှု ကောင်းလာသည့်အတွက် ပြည်သူများအနေဖြင့် မြို့နှင့်တော ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ကွာဟမှု လျော့ကျလာသည်ကို တွေ့မြင်ရကြောင်း။

လက်ရှိအခြေအနေတွင် ပြည်သူ့ဆေးရုံများ၏ ကုသမှုအရည်အသွေး မြင့်မားလာရေးအတွက် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆေးရုံများ၏

လုပ်ငန်းပမာဏနှင့် ကျန်းမာရေးဝန်ထမ်း
နိုင်ငံတော်က အတတ်နိုင်ဆုံး ကြိုးပမ်းဖြည
သို့မှသာ ကုသရေးလုပ်ငန်း ပိုမိုတိုးတက်
ထို့အပြင် ပြည်သူလူထု၏ ကျန်းမာရေး
ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွ
ဆေးခန်းများကိုလည်း ဥပဒေများပြဋ္ဌာန်းပြီး
အတွက် ပိုမိုကောင်းမွန်မြန်ဆန်သော စောင့်
ဖြစ်ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင်
အနစ်နာခံမှုများထားပြီး ပြုစုစောင့်ရှောက်
သော ဝန်ထမ်းအနည်းငယ်တို့၏ လုပ်ရပ်မှ
လောက ဂုဏ်သိက္ခာနှင့်နာမည် ထိခိုက်မှုမျ
ဆရာမများ၏ ဆက်ဆံရေးသည် ယခုအချိန်
လေးစားနေလျက်ရှိသော်လည်း စေတနာနှင့်
နိုင်မှုမရှိပါက နောင်တစ်ချိန်တွင် တစ်ဖ
ဖြစ်သည်အထိ ပေါ်ပေါက်လာနိုင်သည့်အတ
ဝီရိယနှင့် ဆောင်ရွက်သွားကြရန်လည်း လို

စရိတ်မျှပေ

စရိတ်မျှပေး ကျန်းမာရေးအစီအစဉ်
ထားခဲ့သော အမျိုးသားကျန်းမာရေးမူဝါဒန
ကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ဆေးရုံ
တတ်နိုင်သော လူနာများအား အခကြေးငွေ
ဓာတ်ခွဲစမ်းသပ်မှု၊ ဓာတ်မှန်ရိုက်ကူးမှု၊ ဆေး
များအပေါ်မှ နိုင်ငံတော်သို့ တစ်ဝက်ပေးသွ
ဝယ်ယူဖြည့်တင်းခြင်းနှင့် အဆောက်အအုံ
ထိန်းသိမ်းမှုဝေခြင်းအတွက် သုံးစွဲသည့်စန

အခမဲ့ကုသ

ငွေကြေးတတ်နိုင်သူများကိုသာ စရိတ်
ဆင်းရဲနွမ်းပါးသူများကိုမူ အခမဲ့ကုသမှုပေး
ဤကုသရေးစနစ်ကို နားမလည်သော လူန

အင်းလေးကန် ရေ
အလေ

- **အင်းလေးကန**
တည်ဆောက်
- **အင်းလေးကန**
ဆယ်ယူဖယ်
- **ချောင်းများ**
- **အင်းလေးကန**
တောင်ယာမျ
- **ကျွန်းမျောမျ**
- **ရာသီဥတုမျ**
ဒေသများတွ
ခြင်းများကို
- **နုန်းပြိုကျမှု**
- **သောက်သုံးေ**
- **သဘာဝပတ်**
လိုအပ်ချက်ဖြ
ရန်နှင့်
- **အင်းလေးကန**
တစ်ရပ်ကို န
ကြရမည်ဖြစ်

လုပ်ငန်းပမာဏနှင့် ကျန်းမာရေးဝန်ထမ်းများ စံကိုက်ဖွဲ့စည်းနိုင်အောင် နိုင်ငံတော်က အတတ်နိုင်ဆုံး ကြိုးပမ်းဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ သို့မှသာ ကုသရေးလုပ်ငန်း ပိုမိုတိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း၊ ထို့အပြင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုရရှိရန်အတွက် ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ပုဂ္ဂလိကပိုင်ဆေးရုံနှင့် ပုဂ္ဂလိက ဆေးခန်းများကိုလည်း ဥပဒေများပြဋ္ဌာန်းပြီး ဆောင်ရွက်ခွင့်ပေးနေပြီဖြစ်သည့်အတွက် ပိုမိုကောင်းမွန်မြန်ဆန်သော စောင့်ရှောက်မှုလုပ်ငန်းများ ရရှိနေကြပြီ ဖြစ်ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ဆေးရုံများအနေဖြင့် စေတနာနှင့် အနစ်နာခံမှုများထားပြီး ပြုစုစောင့်ရှောက်ပေးနေသော်လည်း စေတနာမပါသော ဝန်ထမ်းအနည်းငယ်တို့၏ လုပ်ရပ်များကြောင့် ကျန်းမာရေးဝန်ထမ်းလောက ဂုဏ်သိက္ခာနှင့်နာမည် ထိခိုက်မှုများရှိခဲ့ကြောင်း၊ လူနာနှင့် ဆရာဝန်ဆရာမများ၏ ဆက်ဆံရေးသည် ယခုအချိန်အထိ တစ်ဦးကိုတစ်ဦး ယုံကြည်လေးစားနေလျက်ရှိသော်လည်း စေတနာနှင့် အနစ်နာခံမှု ဆက်လက်ထိန်းသိမ်းနိုင်မှုမရှိပါက နောင်တစ်ချိန်တွင် တစ်ဖက်နှင့်တစ်ဖက် တရားစွဲဆိုမှုများ ဖြစ်သည်အထိ ပေါ်ပေါက်လာနိုင်သည့်အတွက် စေတနာ၊ မေတ္တာဖြင့် သတိ၊ ဝီရိယနှင့် ဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း။

စရိတ်မျှပေး

စရိတ်မျှပေး ကျန်းမာရေးအစီအစဉ်သည် ၁၉၉၃ ခုနှစ်တွင် ပြဋ္ဌာန်းထားခဲ့သော အမျိုးသားကျန်းမာရေးမူဝါဒနှင့်အညီ၊ အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ ဆေးရုံများအတွင်း ကျင့်သုံးလျက်ရှိရာ တတ်နိုင်သော လူနာများအား အခကြေးငွေပေး၍နေရသော အထူးလူနာခန်း၊ ခွဲစိတ်ခွဲစမ်းသပ်မှု၊ ဓာတ်မှန်ရိုက်ကူးမှု၊ ဆေးဝါးရောင်းချမှုတို့မှရရှိသည့် ဝင်ငွေများအပေါ်မှ နိုင်ငံတော်သို့ တစ်ဝက်ပေးသွင်းပြီး ကျန်တစ်ဝက်ကို ဆေးဝါးဝယ်ယူဖြည့်တင်းခြင်းနှင့် အဆောက်အအုံနှင့် ပစ္စည်းကိရိယာများ ပြုပြင်ထိန်းသိမ်းမှုဝေခြင်းအတွက် သုံးစွဲသည့်စနစ် ကျင့်သုံးခြင်း ဖြစ်ကြောင်း။

အခမဲ့ကုသ

ငွေကြေးတတ်နိုင်သူများကိုသာ စရိတ်မျှပေးစနစ်ဖြင့် ဆောင်ရွက်ပေးပြီး ဆင်းရဲနွမ်းပါးသူများကိုမူ အခမဲ့ကုသမှုပေးသည့်စနစ်ဖြစ်ကြောင်း၊ သို့ရာတွင် ဤကုသရေးစနစ်ကို နားမလည်သော လူနာများအနေဖြင့် နိုင်ငံတော်ဆေးရုံများသည် အခကြေးငွေယူ၍ ဆေးကုသမှုပြုနေသည်ဟု ပြောဆိုနေခြင်းကို အတတ်နိုင်ဆုံး နားလည်သဘောပေါက်စေရန်အတွက် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ထပ်ခါတလဲလဲရှင်းပြပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

အထူးကုဆေးရုံကြီးများ၊ အထွေထွေရောဂါကုဆေးရုံ၊ တိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် တိုးတက်လာသော လူနာဦးရေနှင့်အညီ ဆေးဝါးများ ဝယ်ယူရခြင်းနှင့် ဆေးရုံသုံး စက်ပစ္စည်းကိရိယာများ ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် ရန်ပုံငွေပိုမိုလိုအပ်ကြောင်း။

၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ဆေးဝါးဝယ်ယူခြင်းနှင့် စက်ကိရိယာ ပြင်ဆင်ထိန်းသိမ်းခြင်းအတွက် ငွေလိုအပ်မှုသည် ကျပ်သန်းပေါင်း ၈၈၄၄ ခန့်ဖြစ်ပြီး နိုင်ငံတော်က ခွင့်ပြုရန်ပုံငွေမှာ ကျပ်သန်းပေါင်း ၁၅၆၈ ခန့်ဖြစ်နေသည့်အတွက် နောက်ထပ်လိုအပ်သော ရန်ပုံငွေမှာ ကျပ်သန်းပေါင်း ၇၃၀၀ ခန့် လိုအပ်နေသည်ကို ကြည့်ခြင်းအားဖြင့် စရိတ်မျှပေး ကျန်းမာရေးစနစ်သည် နိုင်ငံတော်က အရှုံးခံ၍ လူနာများအတွက် ဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ကျန်းမာရေးပညာပေး

ကျန်းမာရေးစောင့်ရှောက်မှုပေးရာမှာ ကာကွယ်ရေးသည် ကုသခြင်းထက် ပိုမို၍ကောင်းမွန်သည် ဆိုသည့်အတိုင်း ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လူနာများကို ကုသမှုပေးနေသည့် တစ်ချိန်တည်းမှာပင် လူနာများနှင့် သက်ဆိုင်သော ကျန်းမာရေးပညာပေးမှုများလည်း တတ်အားသရွေ့ ပေးသွားနိုင်မှသာလျှင် ပြည်သူလူထုများ၏ ကျန်းမာရေးနှင့်ဆိုင်သော ဗဟုသုတများ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုဤဆေးရုံ၌ တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေး ဝန်ထမ်းကြီးငယ်အားလုံး မိမိ၏ ကျရာတာဝန်များကို မိမိတာဝန်ဖြစ်သည့် ကုသရေးလုပ်ငန်းများအပြင် ကာကွယ်ရေးပညာပေးလုပ်ငန်းမျိုးကိုပါ စေတနာဖြင့် တတ်အားသရွေ့ ဆောင်ရွက်သွားကြပါရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် လိုအပ်သောအကူအညီများကိုလည်း တင်ပြနိုင်ကြောင်း၊ နိုင်ငံတော်ကလည်း လိုအပ်သလို စောင့်ရှောက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က စဝ်စံထွန်းဆေးရုံကြီးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ထောက်ပံ့သော ဆေးဝါးပစ္စည်းများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။ **(သတင်းစဉ်)**

အင်းလေးကန် ရေရှည်တည်တံ့ ထိန်းသိမ်းနိုင်ရန်နှင့် စိမ်းလန်းစိုပြည်ရေး အလေးအနက်ထားဆောင်ရွက်ရန် လုပ်ငန်းများ

- အင်းလေးကန်တွင် နောက်ထပ်ကျေးရွာများ၊ အိမ်များ၊ ကျွန်းမျောများ၊ တိုးချဲ့တည်ဆောက်မှုမပြုရန်။
- အင်းလေးကန်အတွင်းမှ မလိုအပ်သော ကျွန်းမျော၊ ဒိုက်၊ မှော်၊ နုန်းမြေများကို ဆယ်ယူဖယ်ရှား ရှင်းလင်းရန်။
- ချောင်းများရေစီးရေလာကောင်းအောင် ပြန်လည်ထိန်းသိမ်းပြုပြင်ရန်။
- အင်းလေးကန်ပတ်လည် မိုင် ၂၀ အတွင်း သစ်တောသစ်ပင်များ ခုတ်ယူခြင်းနှင့် တောင်ယာများပြုလုပ်ခြင်းကို တားမြစ်ရန်။
- ကျွန်းမျောများကို ရေခြံပြုလုပ်ခြင်းကို တားမြစ်ရန်။
- ရာသီဥတုမျှတ၍ မိုးရေချိန်လက်မ မြင့်တက်လာစေရေးအတွက် ရေဝေရေလဲဒေသများတွင် ရှက်စိမ်းသစ်တောသစ်ပင်များ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းကာကွယ်ခြင်းများကို ဆောင်ရွက်ရန်။
- နုန်းပြို့ကျမှု ထိန်းသိမ်းရန်အတွက် နုန်းတားဆည်များ တည်ဆောက်ပေးရန်။
- သောက်သုံးရေ ရရှိရေး ရေအရင်းအမြစ်များ ရှာဖွေတည်ဆောက်ရန်။
- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အင်းလေးကန်သည် အမျိုးသားရေးလိုအပ်ချက်ဖြစ်ကြောင်း ဒေသခံများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့်
- အင်းလေးကန် ရေရှည်တည်တံ့ ထိန်းသိမ်းရေးအတွက် ဘဏ္ဍာငွေ ဖောင်ဒေးရှင်းတစ်ရပ်ကို နိုင်ငံတော်မတည်မှု၊ လုပ်ငန်းရှင် ထည့်ဝင်မှုတို့ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြို့နယ်နှင့်ကျေးရွာ၌ စိတ်တူကိုယ်တူများစုစည်း

အစုအဖွဲ့အဆင့်မှ ကျေးရွာသမဝါယမအသင်းအသွင်ပြောင်းလဲ

ရန်ကုန် ဇွန် ၂၆

မိမိတို့ဝန်ကြီးဌာန၏ အဓိကတာဝန်မှာ သမဝါယမအသင်းများ ဖွဲ့စည်းခြင်း၊ သမဝါယမပညာ ပြန့်ပွားအောင်ဆောင်ရွက်ခြင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ မူဘောင်အတွင်းမှ ထိန်းကျောင်းပေးခြင်းတို့ ဖြစ်ကြောင်းဖြင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ သမဝါယမဝန်ကြီးဌာန သမဝါယမ ကူးသန်းရောင်းဝယ်ရေး ဗဟိုဌာန (ဆရာစံပလာဇာ)၌ ဗဟိုသမဝါယမအသင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သမဝါယမအသင်းစုချုပ်တို့မှ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များနှင့် အခြေခံသမဝါယမအသင်းများမှ ဝန်ထမ်းများအား တွေ့ဆုံစဉ် မှာကြားသည်။

မှာကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရန်၊ မြို့နယ်များနှင့် ကျေးရွာများတွင် စိတ်တူကိုယ်တူများ စုစည်း၍ အစုအဖွဲ့အဖြစ် အကျိုးတူလုပ်ငန်းများ ဆောင်ရွက်ရန်၊ နောင်တစ်ချိန်တွင် အစုအဖွဲ့အဆင့်မှ ကျေးရွာသမဝါယမအသင်းအသွင်သို့ ပြောင်းလဲရန်၊ မြို့နယ်အစုအဖွဲ့သည် မြို့နယ်သမဝါယမအသင်းစု ဖြစ်လာအောင် ဆောင်ရွက်ရန်၊ အစုအဖွဲ့များ ဖွဲ့စည်းရာတွင် စိတ်တူကိုယ်တူ ပူးပေါင်းလုပ်ကိုင်လိုသူများက အများသဘောတူ အစုဝင်ငွေများ ထည့်ဝင်၍ ပူးပေါင်းပါဝင်ပြီး အောက်ခြေမှ တစ်ဆင့် အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လာစေသော Bottom Up Initiative ဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်းဖြင့် ထည့်သွင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့် ဗဟို သမဝါယမအသင်း တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမ အသင်းစုချုပ်များ၊ မြို့နယ်နှင့် အခြေခံ သမဝါယမ အသင်းများမှ တာဝန်ရှိသူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၆-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော် + ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **နေကောင်းရဲ့လား** တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
- ၆:၄၀ ရှင်တော်မဟာမုနိ… ဘဂဝါပူဇေမိ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရွှေးထွေးသောမေတ္တာ** (အပိုင်း-၄၇)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၅)
- ၈:၅၀ နယ်စပ်နှင့်တောင်တန်းဒေသ ထေရဝါဒဗုဒ္ဓဘာသာ သာသနာ နုဂ္ဂဟအသင်းနှင့်တွေ့ဆုံခြင်း
- ၉:၀၅ သာသနာ့အမွေအလှူပေးဝေ
- ၉:၁၅ အိမ်တွင်းစီးပွားမုန့်လုပ်နည်း ပညာများ(ပေါက်စီပြုလုပ်နည်း)
- ၉:၃၀ စာအုပ်ပြခန်း (မြေမှုန်လွင်ရဲ့ နှစ်ပိုင်းတစ်ပိုင်း)
- ၉:၅၀ ရန်ကုန်မြင်ကွင်းကျယ် (MHB Demang Cranes and Components)
- ၁၀:၀၅ MCC Kid's 2011 Mandalay သင်တန်းဆင်းပွဲ
- ၁၀:၂၅ The Champion of Dance
- ၁၁:၀၀ Celebrity Choice (မိုးဟေမာန်ခင်)
- ၁၁:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၀ အနာကြီးရောဂါကာကွယ် စောင့်ရှောက်ရေး (ဒေါက်တာခင်မောင်လွင်၊ စာရေးဆရာချစ်စံဝင်း)
- ၁၂:၃၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ကောက်ရိုးမှိုချဉ်စပ်ဟင်းချိုနှင့် ပြည်ကြီးငါးတန်ပူရာကြော်)
- ၁:၀၀ **နေကောင်းရဲ့လား** တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ FMF Selection
- ၂:၅၅ Activities in The City (အစားအစာနှင့် ဓာတုဗေဒ အင်ဂျင်နီယာများ၏ ဒုတိယမိခင်၊ ဖခင်များအားပူဇော်ပွဲ)
- ၃:၁၀ အများအကျိုးမျှော်ရည်… ဓမ္မရောင်ခြည်
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရွှေးထွေးသောမေတ္တာ** (အပိုင်း-၄၇)
- ၄:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၁၀၅)
- ၅:၀၅ စက္ကန့်တိုင်းအသက်ဝင်စေဖို့
- ၅:၁၀ မြန်မာအက္ခရာ အသုံးပြုနိုင်သော… CDMA Mobile Phone
- ၅:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ အကြောတက်ရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
- ၆:၃၀ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
- ၆:၅၅ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **ရွှေးထွေးသောမေတ္တာ** (အပိုင်း-၄၈)
- ၇:၄၀ ဗီဒီယိုပြခန်း
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ စကားနပန်း (စကားနပန်း ပြိုင်တာကောင်းတယ်၊ စကားနပန်း မပြိုင်တာကောင်းတယ်)
- ၉:၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၆)
- ၁၀:၂၀ Sunday Talk (ဦးစောနု၊ မျိုးမြတ်သူ)
- ၁၀:၅၅ အနုပညာမိုးကောင်းကင်
- ၁၁:၁၅ ဖန်တီးသူ၏ ပညာစွမ်းမှသည်… လှပသောဘဝများဆီသို့
- ၁၁:၃၅ International Show Biz
- ၁၁:၅၀ Orchard Families (အပိုင်း-၁)
- ၁၂:၁၅ ဈေးဝယ်လမ်းညွှန်(နုရည်ပွင့် Fashion & Dress Making)
- ၁၂:၃၀ **လှေကားသုံးထစ်ဆင်းတဲ့အခါ** မင်းသူ၊ အရိုင်း၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၁၂:၄၀ Celebrity Profile (မန္တလေးသိန်းဇော်)
- ၁:၁၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာအိုင်းရစ်နှင့် တွေ့ဆုံခြင်း)
- ၁:၃၅ ကိုယ်ပိုင်ဟန်ဖက်ရှင် (ပန်းရောင်နှင့်ရွှေရောင်ပုလဲ)
- ၁:၅၀ Movie Mistakes (King Kong)
- ၂:၁၀ သက်တံ့ရောင်ကမ္ဘာထဲက TOA Color World
- ၂:၃၀ ပတ္တမြားမြေသို့ အလည်တစ်ခေါက်
- ၂:၅၀ ဘယ်သူ့ကိုအချစ်ဆုံးလဲ
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ ဆေးဖက်ဝင်ကျွဲကောပင်၏ အာဟာရတန်ဖိုးများအကြောင်း
- ၄:၂၀ ထူးခြားဆန်းကြယ်သော တောအုပ်ကလေး
- ၄:၄၀ ကံပေါက်ဒေသမှ လေ့လာစရာများ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

KNU အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦးဒဏ်ရာရ

နေပြည်တော် ဇွန် ၂၆

မွန်ပြည်နယ် သိမ်ဇရပ်မြို့နယ် စက္ကူစက်ဝန်ထမ်းအိမ်ရာနေ ဦးအေးထွန်း ၆၃နှစ်သည် ဇွန် ၂၅ ရက် နံနက် ၉ နာရီခန့်တွင် ၎င်းနေထိုင်ရာအိမ်မှ ထွက်ခွာလာစဉ် မြို့၏မြောက်ဘက်အစွန် ကျိုက်ထို-သိမ်ဇရပ်ကားလမ်း၏ ညာဘက် ၆ ကိုက်ခန့်အကွာရှိ လူသွားလမ်းတစ်နေရာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် ညာခြေဖျားပြတ်ဒဏ်ရာနှင့် ညာလက်ဖျံ မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဒဏ်ရာရလူနာအား နယ်မြေခံတပ်မှ တာဝန်ရှိသူများက ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ပဲခူးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အုတ်တွင်း၌ အလယ်တန်းကျောင်းခွဲ တိုးချဲ့ဖွင့်လှစ်

အုတ်တွင်း ဇွန် ၂၆

အုတ်တွင်းမြို့နယ် တောပုကျေးရွာအုပ်စု ဝဲကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ တိုးချဲ့ဖွင့်လှစ်ပွဲကို ဇွန် ၁၄ ရက် နံနက်က အဆိုပါကျောင်းရှေ့တွင် ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးသန်းထိုက်၊မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်၊ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းရီတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်က ကျောင်းအတွက် အလှူငွေကျပ် ၅၀၀၀၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူကြောင်း သိရှိရသည်။ **(၁၁၆)**

ပေါင်းစနစ်ဖြင့် သိပ္ပံနည်းကျ မိုးစပါးစိုက်ပျိုး ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇွန် ၂၆

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် ဇွန်၂၄ရက် နံနက်ပိုင်းတွင် ပဲခူးမြို့နယ် မယင်းကျေးရွာ၌ ကျင်းပသည့် ပေါင်ပျိုးစနစ်အသုံးပြု၍ သိပ္ပံနည်းကျ မိုးစပါးစိုက်ပျိုးမှု နည်းပညာပေးပြပွဲသို့ တက်ရောက်အားပေးပြီး တောင်သူလယ်သမားများအား ပေါင်ပျိုးစနစ်ဖြင့် သိပ္ပံနည်းကျ စနစ်တကျစိုက်ပျိုးသွားကြရန်၊ စပါးတစ်ဧက တင်း၁၀၀ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ပန်းတိုင်အထွက်တိုးရေးအတွက် လိုအပ်သည့်သွင်းအားစုများ အပြည့်အဝထည့်သွင်းရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းထွန်ယက် စိုက်ပျိုးကြရေးတို့ကို မှာကြားကာ ဓာတ်မြေဩဇာများ ပေးအပ်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီ (၁/၂၀၁၁) အစည်းအဝေးသို့ တက်ရောက်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကူးစက်ရောဂါကာကွယ်ရေး ဘိုကလေး၌ ဆောင်ရွက်

ဘိုကလေး ဇွန် ၂၆

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီအတွင်း ကူးစက်ရောဂါများ မဖြစ်ပွားစေရေးနှင့် ခြင်၊ ယင်များ မပေါက်ပွားစေရေးအတွက် မြို့မဈေးကြီးနှင့် စာသင်ကျောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မေ ၂၈ ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦးတင်မောင်လတ်နှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ (ဝ၆၆)

တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များထိန်းသိမ်းရေး စဥ့်ကူး၌ ပညာပေးဟောပြော

စဥ့်ကူး ဇွန် ၂၆

ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ်သစ်တောဦးစီးဌာနက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာဥပဒေများနှင့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများ ပညာပေးဟောပြောပွဲကို မေ ၂၉ ရက် မွန်းတည့် ၁၂ နာရီက နတ်တောင်ကျေးရွာအုပ်စု ဒိုးနွယ်ကျေးရွာ မူလွန်ကျောင်း၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန နယ်မြေတာဝန်ခံ တောအုပ်ကြီးဦးတင်စိုးက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများနှင့် တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ ယူကလစ်ပင် ၂၀ နှင့် ကျေးရွာတစ်ရွာလျှင် ကျေးရွာပိုင် သစ်တောစိုက်ခင်း တစ်ဧကစီ စိုက်ပျိုး ထူထောင်နိုင်ရေးတို့ကို ပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) **(မြို့နယ် ပြန်/ဆက်)**

ဟသ်ာတမြို့နယ် အထက(၃) ကျောင်းလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို ဇွန် ၁၅ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်စန်းသီတာဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက အဖွဲ့ချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးရန်ဝင်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်၊ အတွင်းရေးမှူးများဖြစ်ကြသော ဦးနေဇော်၊ ဦးမင်းဟန်၊ ဦးအောင်မိုး၊ ဦးမြင့်လွင်နှင့် ဘဏ္ဍာရေးမှူး ဦးကြည်လင်း၊ ဦးအုန်းမြင့်တို့က ကော်မတီအလိုက် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(လက်ဝှေ့အဖွဲ့ချုပ်)**

အိုလံပစ်နေ့ အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၆

၂၀၁၁ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြားပစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၅ ရက် နံနက်ပိုင်းက ကျိုက္ကဆံအမှတ်(၅) ဂိတ်ရှိ မြားပစ်အဖွဲ့ချုပ်၌ကျင်းပရာ ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး Recurve ရှုံး/ထွက် ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ဒေါ်ခင်ဆွေမြင့်က အမျိုးသမီး Compound ရှုံး/ထွက် ပြိုင်ပွဲဆုရရှိသူများကို လည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၂) ဦးအုန်းမြင့်ဦးက

အမျိုးသား Recurve ရှုံး/ထွက် ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(၁) ဦးနော်တောင်က အမျိုးသား Compound ရှုံး/ထွက် ပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက Recurve Mix-Team ရှုံး/ထွက် ပြိုင်ပွဲဆုရရှိသူများအား ဆုများချီးမြှင့်သည်။ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က Compound Mix-Team ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် Compound ပြိုင်ပွဲတွင် အာရှစံချိန်ဖြစ်သည့် ၁၄၄ မှတ်ကို ၁၄၆ မှတ်ဖြင့် စံချိန်ချိုးနိုင်ခဲ့သည့် ရဲမင်းဆွေတို့အား ဆုများချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြန်မာ့အလင်း)

သတင်းမှတ်စုနှင့် ဓာတ်ပုံ တင်စိုး (မြန်မာ့အလင်း)

မြန်မာ့လက်ရွေးစင်များ ပေါ်ထွက်လာရေး မြန်မာဖူဆယ်လိဂ် ပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကျင်းပသောတိုက်ဂါးဖူဆယ်လိဂ်ပြိုင်ပွဲကို လှိုင်မြို့နယ် လှိုင်အားကစားပြိုင်ပွဲရုံ (၂)၌ ဇွန် ၂၃ ရက်က ကျင်းပခဲ့ရာ စာရေးသူရောက်ရှိ လေ့လာခွင့်ရခဲ့သည်။

ပြည့်လျှံ

ပြိုင်ပွဲရုံအတွင်းသို့ဝင်လိုက်သည်နှင့် တစ်ဖက်တစ်သင်း ငါးဦးစီဖြင့် ကစားနေကြသည့် ဖူဆယ်အားကစားသမားများကို ကြည့်ရှုအားပေးနေကြသည့် ပရိသတ်များ နေရာမလွတ် ပြည့်လျှံနေသည်ကို မြင်တွေ့ရသည်။

ရှေးဦးစွာ ဖူဆယ်လိဂ်ပြိုင်ပွဲနှင့် ပတ်သက်၍ ရန်ကုန်စီးတီးအသင်းမှ ဦးစိုးမိုးညွန့် (နည်းပြ)နှင့် တွေ့ဆုံမေးမြန်းရာ "မြန်မာနိုင်ငံမှာ ၂၀၁၃ ခုနှစ် အိမ်ရှင်အဖြစ် ကျင်းပမယ့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ရည်မှန်းပြီး ဖူဆယ်အားကစား တိုးတက်အောင်မြင်အောင် ပြုလုပ်ခြင်းဖြစ်ပါတယ်။ ဖူဆယ်ကို ပိုင်နိုင်သွားတဲ့အားကစားသမားတစ်ယောက်ဟာ ဘောလုံးကြီးကို သွားရောက်ကစားလို့ရပါတယ်။ ဒီဖူဆယ်ကို ကောင်းကောင်းကစားတတ်မယ်ဆိုရင်ဘောလုံးကြီးအတွက်လည်း အထောက်အပံ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘောလုံးလောက တိုးတက်အောင်မြင်အောင် အဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

"ဖူဆယ်အားကစားကို တိုးတက်အောင်မြင်အောင် ပြုလုပ်ခြင်းဖြစ်ပါတယ်။"
ဦးစိုးမိုးညွန့်
(နည်းပြ)

ယှဉ်ပြိုင်ကစား

ဆက်လက်၍ ဖူဆယ်အားကစားပြိုင်ပွဲများနှင့်ပတ်သက်၍ရှင်းပြရာ "ကျွန်တော်တို့အသင်းက ရန်ကုန်စီးတီးအမည်နဲ့ ယှဉ်ပြိုင်ကစားခြင်း ဖြစ်ပါတယ်။ ဒီမှာ ချန်ပီယံဖြစ်မှ AFC ချန်ပီယံလိဂ်ကို သွားရောက်ကစားရမှာဖြစ်ပါတယ်။ မြန်မာဖူဆယ် လက်ရွေးစင်အနေနဲ့က (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ သွားရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး ဒီဇင်ဘာလမှာလည်း AFC ဖူဆယ်ပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင် ကစားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းမှာ မြန်မာ့လက်ရွေးစင်က ကစားသမားနှစ်ဦးပါတယ်"ဟု နည်းပြက ရှင်းပြသည်။

ထွက်ပေါ်လာမည်

ယခုအခါ မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲများ ကျင်းပလျက်ရှိရာ အဆိုပါ အားကစားပွဲများမှသည် မြန်မာ့လက်ရွေးစင်အားကစားသမားများ ထွက်ပေါ်လာမည်ဟု ယုံကြည်မိပါကြောင်း...။ //

(မြန်မာ့အလင်း)

မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲကို လှိုင်အားကစားပြိုင်ပွဲရုံ(၂)၌ ကျင်းပရာ ရန်ကုန်စီးတီးအသင်းနှင့် USMFC အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

27-6 (10).pmd 1 6/27/2011, 4:21 AM

တံတားတည်ဆောက်ရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီးဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် သည် ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ဘိုကလေး - မော်လမြိုင်ကျွန်း- ဝါးခယ်မ-မြောင်းမြလမ်းပေါ်ရှိ ကွဲခြံရေကျော် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်၌ ဘိုးပိုင်တူးစက်နှစ်လုံးဖြင့် ဘိုးပိုင်တူးခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလေးထားဆောင်ရွက်

ဆက်လက်၍တံတားတည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၅)က တာဝန်ယူ တည်ဆောက်နေသော ဘိုကလေးမြစ်ကူးတံတား ရေလယ် တိုင်ဘိုးပိုင်တူးခြင်း လုပ်ငန်းများနှင့် သာပေါင်းဘက်ကမ်း တံတားတိုင် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ရေယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဘိုကလေးမြစ်ကူးတံတားသည် ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိ လမ်းပေါ်တွင် တည်ရှိပြီး တံတားအမျိုးအစားမှာ Steel Truss and RCC Concrete ဖြစ်ကာ ပင်မတံတားအရှည် ၃၅၅၃ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် ရေလမ်းကင်းလွတ်အကျယ်ပေ ၃၀၀၊ အမြင့် ၃၆ ပေရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅တန်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်မြင့် ဘိုကလေး မြစ်ကူးတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျိုင်းတုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအားပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၆ ရက်က ခရိုင်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ထမ်းသားသမီး ၁၇ ဦးအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၁၉၁၀၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းက ကိုယ်စားလှယ်တစ်ဦးအားပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ကျန်းမာရေး လေ့ကျင့်ခန်း လေ့ကျင့် သင်ကြားနိုင်

ရန်ကုန် ဇွန် ၂၆

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်အသင်းက ကြီးမှူး၍ ကျန်းမာရေးအတွက် ယောဂကျင့်စဉ် လေ့ကျင့်ခန်းကို ဆရာကြီး ဦးခင်မောင်ဆွေက ဇွန် ၁၆ ရက်မှ စတင်၍ တစ်လကြာ အပတ်စဉ် (တနင်္လာနေ့မှ သောကြာနေ့)အထိ နေ့စဉ် ညနေ ၄ နာရီမှ ၆ နာရီအထိ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၌ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ စိတ်ပါဝင်စားသူအသင်းဝင်များ လာရောက်လေ့ကျင့်နိုင်ကြောင်း သိရှိရသည်။ **(အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ပုသိမ် ဇွန် ၂၆

ဧရာဝတီတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၆ ရက်က ပုသိမ်တက္ကသိုလ်ခန်းမ၌ ကျင်းပရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး မော်တော်ယာဉ်ထိန်းသိမ်းရေးတာဝန်ခံ ဒုတိယရဲမှူးဇော်ဝင်း **(အပေါ်ပုံ)**၊ ဒုတိယရဲအုပ်စိုးထိုက်ဦးနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်စစ်ဆေးရေးဌာနမှူး ဦးသိန်းဌွေးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဖြစ်ရပ်မှန်ဖြစ်စဉ်များနှင့် ယာဉ်တိုက်မှု မှုခင်းများနှင့်စပ်လျဉ်း၍ ဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (ဝ၇၇)

အုတ်ခုံ ကွန်ကရစ်တံတား တည်ဆောက်

ကျိုက်ထို ဇွန် ၂၆

ကျိုက်ထိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်အတွင်း တည်ဆောက်လျက်ရှိသော သူရလမ်းသွယ် အုတ်ခုံ ကွန်ကရစ်တံတား တည်ဆောက်ခြင်း လုပ်ငန်းကို ဇွန် ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ဖန်းမော်မြို့နယ်၌ လုပ်ငန်းများဆောင်ရွက်

ဖန်းမော် ဇွန် ၂၆

ဖန်းမော်မြို့နယ်အတွင်း အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှုရက်သတ္တပတ် (၂၀၁၁) ကို မေ ၂၁ ရက်မှ ၂၇ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ယင်လုံအိမ်သာ တည်ဆောက်ခြင်း၊ ရေတွင်းများဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲများ ကျင်းပခဲ့သည်။ ဖန်းမော်မြို့နယ် ရွှေပြည်သာကျေးရွာတွင် မေ ၂၃ ရက်က ကျင်းပသော ကျန်းမာရေးပညာပေးဟောပြောပွဲတွင် ပြည်နယ်ကျန်းမာရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်း တက်ရောက်ပြီး အမှာစကားပြောကြားခဲ့ကြောင်း သိရှိရသည်။

(ခရိုင်ကျန်းမာရေးဦးစီးဌာန)

စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ကံမမြို့နယ် အမှတ်(၄)ရပ်ကွက် အမကအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ဇွန် ၁၀ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်သူများ ဖျာပုံမြို့နယ်၌ ဆုများချီးမြှင့်

ဖျာပုံ ဇွန် ၂၆

ဖျာပုံမြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပေးသော ဆရာ ဆရာမများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစန်းမောင်က ထူးချွန်ကျောင်း လေးကျောင်း၊ ငါးဘာသာဂုဏ်ထူးရ ကျောင်းသူတစ်ဦး၊ လေးဘာသာဂုဏ်ထူးရကျောင်းသူ နှစ်ဦးတို့ကို ဆုများချီးမြှင့်သည်။ ဆက်လက်၍ သင်ကြားပေးခဲ့ကြသော ဆရာ ဆရာမ ၄၈ ဦးအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေး၊ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးလှဝင်းဖိုလ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင် ၄၁ ဦးတို့က ငွေကျပ်နှစ်ဆယ့်ငါးသိန်းနှစ်သောင်းကို ဆုချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝ၇၁)

မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး ရွှေကူမြို့၌ဆွေးနွေး

ရွှေကူ ဇွန် ၂၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧရိယာ မှန်ကန်ရေး လုပ်ငန်းစီမံချက်ဆွေးနွေးပွဲကို မေ ၂၇ ရက် နံနက် ၁၁ နာရီက ရွှေကူမြို့နယ် မြေစာရင်းဦးစီးဌာန ရုံးခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆန်းဝင်းက လုပ်ငန်းစီမံချက်များကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

မေးမြန်းဆွေးနွေး

ယင်းတွေ့ဆုံ ရှင်းလင်းပွဲတွင် ရွှေကူမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးတင်နွယ်၊ မြို့လှမြို့နယ် မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးထွန်းလင်း၊ ရွှေကူမြို့နယ်ရုံးမှ လက်ထောက်ဦးစီးမှူးများနှင့် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုင်းရှူးမြို့နယ် မြို့မဈေးတွင် ဈေးတာဝန်ခံ ဦးအုန်းကြိုင်နှင့် ဝန်ထမ်းများ ရေမြောင်းများဆယ်ယူခြင်းကို မေ ၅ ရက်က အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်ကျော်သူတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ဗဟန်းမြို့နယ် ဦးထောင်ဘိုအဝိုင်း၌ ဇွန် ၂၅ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (မြန်မာ့အလင်း)

လှူဒါန်း

ရန်ကုန်မြို့ အမှတ် ၅၇၅(စ) ရပ်ကွက် ပါရမီရိပ်သာ ရန်ကင်းမြို့နယ်နေ မိခင်ကြီး ဒေါ်တင်လှိုင်အားအမှူးထား၍ သမီး ဒေါ်ခင်ခင်ကြီးမိသားစုက တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာရှိ အဘိုး၊ အဘွားများအား အာဟာရကျွေးမွေးရန် ငွေကျပ် တစ်သိန်းငါးသောင်းလှူဒါန်းရာ အလှူရှင်ကိုယ်စား ဦးတင်ဦးက ဘိုးဘွားရိပ်သာ ဘဏ္ဍာရေးမှူး ဦးအုန်းလှိုင်ထံ လှူဒါန်းစဉ်။ (၀၀၉)

ရထားလမ်းဇလီဖားတုံးသစ်များလဲလှယ်

မိတ္ထီလာ ဇွန် ၂၆

မြန်မာ့မီးရထားဝန်ထမ်းများသည် အများပြည်သူခရီးသွားလာရာတွင် ခရီးစရိတ် သက်သာပြီး မြန်ဆန်ချောမွေ့ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးကို ကြိုးစားဆောင်ရွက်လျက်ရှိရာ မိတ္ထီလာမြို့နယ် မြန်မာ့မီးရထားဝန်ထမ်းများ ဇွန် ၂၄ ရက်က မိတ္ထီလာဘူတာနှင့် တောမဘူတာအကြား မီးရထားမိုင်တိုင်အမှတ် (၁၁၉/၁၀-၁၁)၊ ရထားသံလမ်းကူး (Level Crossing) နေရာတွင် ဇလီဖား တုံးသစ်များလဲလှယ် တပ်ဆင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

၎င်းဇလီဖားတုံးသစ် လဲလှယ်တပ်ဆင်ရာနေရာသည် ရထားမတော်တဆမှု ဖြစ်ပွားနိုင်သည့်နေရာအဖြစ် စစ်ဆေးတွေ့ရှိချက်အရ လဲလှယ်တပ်ဆင်ရခြင်း ဖြစ်ကြောင်း၊ ဇလီဖားတုံးသစ် ၃၀ ခန့် အသစ်လဲလှယ်တပ်ဆင်ခြင်းကို တစ်နေ့တာ အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ဦးသက်နိုင်ထွန်း အငယ်တန်းအင်ဂျင်နီယာ-၃ (သံလမ်း)က ပြောကြားခဲ့သည်။ **(၄၃၅)**

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပညာပေးဟောပြောပွဲကျင်းပ

မော်လမြိုင် ဇွန် ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမဆောင်၌ ဇွန် ၂၅ရက် နံနက် ၁၀ နာရီက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပညာပေးဟောပြောပွဲကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ဥပဒေရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ သမိုင်းကြောင်းနှင့်ဥပဒေဆိုင်ရာ သိကောင်းစရာအကြောင်းများကိုလည်းကောင်း၊ မူးယစ်အထူးအဖွဲ့မှ ရဲအုပ်စောမောရှည်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ စိတ်ရောဂါနှင့် မူးယစ်ဆေးစွဲကုသရေးဌာနမှ ဒေါက်တာ ဇာနည်အောင်က လူငယ်နှင့်ဆေးဝါးအကြောင်းကိုလည်းကောင်း ပညာပေးဟောပြောကြသည်။

ကျင်းပ

အလားတူ အဆိုပါအခမ်းအနားကို အမှတ်(၆)အခြေခံပညာ အလယ်တန်းကျောင်း၌လည်း ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာသင်ပစ္စည်းနှင့် ပညာသင်ထောက်ပံ့ကြေး မတ္တရာမြို့၌ ပေးအပ်

မတ္တရာ ဇွန် ၂၆

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် မတ္တရာမြို့နယ်ရဲတပ်ဖွဲ့မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဝန်ထမ်းသားသမီးများအား ပညာသင်ပစ္စည်းနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၂၇ ရက် နံနက် ၁၀ နာရီက မတ္တရာမြို့နယ် ရဲစခန်းအစည်းအဝေးခန်းမ၌ကျင်းပရာ မတ္တရာမြို့နယ် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်သီတာအေးက ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် မတ္တရာမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၏ သားသမီး ၁၀၂ ဦးတို့အတွက် ပညာသင်ပစ္စည်းနှင့်ထောက်ပံ့ကြေးငွေ ကျပ် ၁၆၃၀၀၀၀ ကို မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ခရိုင်ဥက္ကဋ္ဌ ဒေါ်ယဉ်မွန်ခိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဒေါ်သီတာအေးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၀၄၀)**

ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး စေတုတ္တရာ၌ ဆောင်ရွက်

စေတုတ္တရာ ဇွန် ၂၆

စေတုတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ စုပေါင်း၍ ဇွန် ၅ ရက်က မူကြိုကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းနှင့် အမှုဆောင်အရာရှိ ဦးမောင်မောင်ခင်တို့ ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၂၆

စာကြည့်တိုက်အဆောက်အအုံသစ် တိုက်ကြီး၌ဖွင့်

တိုက်ကြီး ဇွန် ၂၆

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် စာဘူးရေသိုးကျေးရွာတွင် ဇွန် ၁၆ ရက် နံနက် ၈ နာရီက သုတရိပ်မြုံစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကျင်းပရာ စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(အပေါ်ပုံ)***

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက သုတရသ စာအုပ် စာစောင် ၁၀၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းကိုယ်စား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချစ်ချစ်သန်းက စာအုပ် စာစောင် ၁၅၀၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သက်ဝေက စာအုပ် စာစောင် ၁၅၀ တို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူး ဒေါ်ဇင်မာထိုက်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ ***(မြို့နယ် ပြန်/ဆက်)***

သုတအားမာန်စာကြည့်တိုက် မြိတ်မြို့နယ်၌ဖွင့်

မြိတ်မြို့နယ် သမုတ်ကျေးရွာအုပ်စု ဗဂျီရှောင်ကျေးရွာ၌ သုတအားမာန် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၁၅ ရက်က ကျင်းပရာ အဆိုပါ စာကြည့်တိုက်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းဌေးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရှိရသည်။ *(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)*

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ် စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မြန်မာ့အလင်း မှုခင်းသတင်း

ကောက်စိုက်ရာမှအပြန် မိုးကြိုးပစ်ခံရ အမျိုးသမီးတစ်ဦး သေဆုံး

တောင်တွင်းကြီး ဇွန် ၂၆

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကိုးပင်ကျေးရွာမှ မမြင့်ကေသွယ် (၃၈)နှစ်နှင့် မစန္ဒာဝင်း (၃၅)နှစ်တို့သည် ဇွန် ၂၄ ရက် ညနေ ၅ နာရီခွဲခန့်က အခြားကောက်စိုက်အဖော်သုံးဦးနှင့်အတူ ကောက်စိုက်ရာမှ အိမ်သို့ပြန်လာရာ ရွာ၏တောင်ဘက် တစ်မိုင်ခန့်တွင် မိုးကြိုးပစ်ခံရသဖြင့် မမြင့်ကေသွယ်မှာ နေရာ၌ပင် သေဆုံးခဲ့ပြီး မစန္ဒာဝင်းမှာ အပူလောင်သည့်ဒဏ်ရာများ ရရှိခဲ့သဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။ (၁၁၇)

ဆိုင်ကယ်နှင့် ကျောက်တင်ကားတိုက်မိ ဆိုင်ကယ်စီးနင်းသူ ပွဲချင်းပြီးသေဆုံး

ကျောက်တန်း ဇွန် ၂၆

ဇွန် ၂၄ ရက် ညနေ ၃ နာရီ မိနစ်၄၀က ကျောက်တန်းမြို့ မင်းကျောင်းလမ်းနှင့် လွတ်လပ်ရေးလမ်းထောင့်တွင် မော်တော်ဆိုင်ကယ်နှင့် ကျောက်တင်ကားတို့ တိုက်မိရာ ဆိုင်ကယ်စီးနင်းသူမှာ နေရာ၌ပင် သေဆုံးသွားခဲ့သည်။

သေဆုံးသွား

ဖြစ်ပွားပုံမှာ ရန်ကုန်စက်ဆန်း ABC အာကာမြင့်မိုရ်ကျောက်လုပ်ငန်းမှ ယာဉ်မောင်း ဝင်းစိုး(ဘ)ဦးသန်းအောင် မောင်းနှင်လာသော လိပ်သဲကျောက်တင်ယာဉ်အမှတ် ၅ခ/--- သည် အထက်ပါလမ်းဆုံအရောက်တွင် ဦးတင်မြင့်အောင် (၄၆)နှစ် (ဘ)ဦးတင်မြင့် ကျောက်တန်း စံချိန်မီရပ်ကွက်နေသူ စီးနင်းလာသော ဆိုင်ကယ် ၁၄ယ/--- နှင့် တိုက်မိရာ ဦးတင်မြင့်အောင်မှာ ဦးခေါင်းထိခိုက်ဒဏ်ရာဖြင့် နေရာ၌ပင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ **(၀၁၉)**

ပခုက္ကူမြို့နယ် သမဝါယမအသင်းစု အမှုဆောင်များ ရွေးချယ်

ပခုက္ကူ ဇွန် ၂၆

ပခုက္ကူမြို့နယ် မြို့နယ်သမဝါယမအသင်းစု လီမိတက်၏ ၂၀၁၀-၂၀၁၁ ခုနှစ် အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ဒါရိုက်တာသစ်များ ရွေးချယ်တင်မြှောက်ပွဲကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက အဆိုပါအသင်းစုရုံးခန်းမ၌ကျင်းပရာ မြို့နယ်အဆင့် ဖွဲ့စည်းရေးကော်မရှင်ဥက္ကဋ္ဌ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းရီနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်သမဝါယမအသင်းစု အသင်းဝင် ကိုယ်စားလှယ်များက နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် အမှုဆောင်ကော်မတီအစီရင်ခံစာ၊ ဘဏ္ဍာရေးနှစ်ချုပ်စာရင်းများနှင့် အမြတ်ခွဲဝေမှုစာရင်းများ အတည်ပြုဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် အသင်းစုဥက္ကဋ္ဌအဖြစ် ဦးသောင်းလှိုင်၊ အတွင်းရေးမှူး ဒေါ်ဖြူဖြူစံ၊ အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းဆွေနှင့် အဖွဲ့ဝင်လေးဦးပါဝင်သော အမှုဆောင်အဖွဲ့ကို ရွေးချယ်ခဲ့ကြောင်း သိရှိရသည်။ **(၁၀၂)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာနိုင်ငံသည် မိမိနိုင်ငံအတွင်းရှိ ကိုယ်ပိုင်စွမ်းအားဖြင့် မူးယစ်ဆေးဝါးကိုတိုက်ဖျက်နေ ဒေသတွင်း၊ ဒေသခွဲအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်လျက်ရှိ

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကို ထိရောက်စွာဖော်ဆောင်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၂၆

မူးယစ်ဆေးဝါးသည် လူထုတစ်ရပ်လုံး၏ ကျန်းမာရေး၊ ပညာရေး၊ လူနေမှုဘဝတိုးတက်ရေးနှင့် အသိဉာဏ် ဗဟုသုတတို့ကို ပျက်စီးစေရုံမျှမက ဆင်းရဲမွဲတေမှုအပေါင်းကို ဖြစ်စေသဖြင့် လူမှုဘဝကျန်းမာပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ရန်နှင့် မူးယစ်ဆေးဝါးကင်းစင်သည့် နယ်မြေဖြစ်ရေး စုပေါင်းတွန်းလှန်တိုက်ဖျက်ရန် ဖော်ညွှန်းလိုက်ခြင်းဖြစ်သည့် "ကျန်းမာပျော်ရွှင်နေနိုင်ဖို့ မူးယစ်ဆေးဆိုရှောင်ကြစို့" "THINK HEALTH, Not Drugs" ဆောင်ပုဒ်ဖြင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနား (International Day Against Drug Abuse and Illicit Trafficking) ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး

စာမျက်နှာ ၃ ကော်လံ ၁ ❖

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇွန် ၂၆

ယနေ့နံနက် ၆ နာရီ ၁၁ မိနစ် စက္ကန့် ၃၀ အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၇၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မော်လိုက်မြို့၏ အနောက်မြောက်ဘက် ၁၀ မိုင်ခန့်အကွာ) တမူးမြို့နယ် ခါးသွေးကျောက်(အထက်) ကျေးရွာအနီးကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)